# Module 10.1: Special Groups 1
# အစီအစဉ် (၁၀.၁) - အထူးဂရုစိုက်ရမည့် အုပ်စုများ (၁)

**Purpose of Session:** To explore and understand the links between discrimination and access to justice and to equip participants with the knowledge and skills to address the needs to vulnerable and marginalised groups.

**အစီအစဉ်၏ ရည်ရွယ်ချက်** - ခွဲခြားဆက်ဆံခြင်း နှင့် တရားမျှတမှု လက်လှမ်းမီခြင်းကြားရှိ ချိတ်ဆက်မှုကို လေ့လာဖော်ထုတ်ရန်နှင့် နားလည်သဘောပေါက်စေရန်၊ နှင့် ထိရှလွယ်သောအုပ်စုနှင့် ဖယ်ကျဉ်ခံရသော အုပ်စုများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် သင်တန်းသူ၊ သားများအား အသိပညာများ နှင့် ကျွမ်းကျင်မှုများကို အသင့်ပြင်ပေးရန် ရည်ရွယ်သည်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများ နှင့် သင်ကြားရေး နည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session participants will be able to:<br>• Identify barriers to access to justice for specific groups.<br>• Develop policies and activities to support access to justice for vulnerable and marginalised groups. | ဤအစီအစဉ်၏ ရလဒ်အဖြစ် သင်တန်းသူ၊ သားများသည်<br>• Specific groups များ တရားမျှတမှုလက်လှမ်းမီရန် အတွက် အတားအဆီးများကို ထုတ်ဖော်လာနိုင်မည်။<br>• ထိရှလွယ်သော နှင့် ဖယ်ကျဉ်ခံရသော အုပ်စုများ တရားမျှတမှု လက်လှမ်းမီစေခြင်းရန် အထောက်အကူပြုသည့် မူဝါဒများ နှင့် လှုပ်ရှားမှုများ ကို ဖန်းတီးလာနိုင်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Critical thinking<br>• Communication | ဤအစီအစဉ်တွင် သင်တန်းသူ၊ သားများသည် အောက်ပါ ကျွမ်းကျင်မှုများ ရရှိစေရန် လေ့ကျင့်ကြရမည်။<br>• ဝေဖန်ဆန်းစစ်တွေးတောခြင်း<br>• ဆက်သွယ်ပြောဆိုခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Group discussion<br>• Role play<br>• Presentations | ဤအစီအစဉ်တွင် သင်တန်းသူ၊ သားများသည် အောက်ပါ သင်ကြားရေး နည်းပညာများကို လေ့ကျင့်ကြရမည်။<br>• အဖွဲ့လိုက် ဆွေးနွေးခြင်း<br>• ဇာတ်ညွှန်းသရုပ်ဖော်ခြင်း<br>• တင်ပြခြင်း |

## Rule of Law Principles
## တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Access to justice<br>• Non-discrimination<br>• Equality | ဤအစီအစဉ်နှင့် ဆက်စပ်မှုရှိသော တရားဥပဒေစိုးမိုးရေး မူဝါဒများသည် အောက်ပါအတိုင်း ဖြစ်သည်။<br>• တရားမျှတမှု လက်လှမ်းမီခြင်း<br>• ခွဲခြားဆက်ဆံမှု မရှိခြင်း<br>• တန်းတူညီမျှခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Materials:** | **သင်ထောက်ကူပစ္စည်းများ၊** |
|---|---|
| For this session you will need:<br>• Cards for power walk activity | ဤအစီအစဉ်အတွက် အောက်ပါ အရာများကို လိုအပ်ပါလိမ့်မည်။<br>• Power walk လှုပ်ရှားမှု ပြုလုပ်ရန် ကတ်များ |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session, participants will use:<br>• Handout 10.1.1 Power Walk Cards | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ပါတို့ကို အသုံးပြုပါမည်<br>• ဝေငှစာရွက် ၁၀.၁.၁ Power Walk Cards |

| **INTRODUCTION** | **(10 mins)** |
|---|---|
| **မိတ်ဆက်ခြင်း** | **(၁၀ မိနစ်)** |

**Instructions**
**ညွှန်ကြားချက်များ**

- Ask participants if they can recall the different types of SGBV they explored in previous workshops. Use the SGBV tree diagram to remind participants that the root cause of SGBV is imbalance and exploitation of power. Contributing factors can vary depending on the context.
- သင်တန်းသူ၊ သားများအား အရင် သင်တန်းတွင် လေ့လာခဲ့သည့် ကွဲပြားသည့် SGBV အမျိုးအစားများကို ပြန်လည် သတိရနိုင်လား မေးပါ။ SGBV tree ပုံကို အသုံးပြုပြီး သင်တန်းသူ၊ သားများအား လုပ်ပိုင်ခွင့်အာဏာ မညီမျှမှု နှင့် အမြတ်ထုတ်ခြင်းများက SGBV ကိုဖြစ်စေသော အကြောင်းရင်း ဇစ်မြစ်ဖြစ်ကြောင်း ပြန်လည် သတိပေးပါ။
- Remind participants of the earlier sessions that have explored rule of law principles of equality and non-discrimination. Remind participants that inequality can be both formal(laws) or structural (access to legal mechanisms, application and enforcement of laws).
- သင်တန်းသူ၊ သားများအား အရင်အစီအစဉ်များတွင် လေ့လာခဲ့သော တရားဥပဒေစိုးမိုးရေးမှုများမှ တန်းတူညီမျှခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းမှုများကို ပြန်လည်သတိရစေပါ။ တန်းတူညီမျှမှုမရှိခြင်းသည် သမာရိုးကျဆန်နိုင်သည် ( ဥပဒေများ) သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်နိုင်သည် ( ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများအားကျင့်သုံးခြင်း နှင့် ဥပဒေများ၏အာဏာသက်ရောက်မှု) ကို သင်တန်းသူ၊ သားများအား သတိပေးပါ။
- What groups might we need to consider when developing an SGBV program? We have seen how women can be marginalized and face barriers to accessing justice. What other groups might face barriers?
- SGBV စီမံကိန်းတစ်ခု လုပ်ဆောင်ဖန်တီးနေစဉ်တွင် မည်သည့်အုပ်စုကို ထည့်သွင်း စဉ်းစားဖို့ရန် လိုအပ်ပါသနည်း။ တရားမျှတမှု လက်လှမ်းမီစေရန် ကြိုးပမ်းရာတွင် အမျိုးသမီးများ မည်သို့ ဖယ်ကျဉ်ခံရနိုင်သည် နှင့် မည်သို့သော အခက်အခဲအတားအဆီးများကို ကြုံတွေ့ရနိုင်သည်ကို ကျွန်ုပ်တို့တွေ့မြင်ကြရပါသည်။ မည်သည့်အုပ်စုများက လည်း အခက်အခဲအတားအတီးများကို ကြုံတွေ့ရနိုင်သနည်း။

| **Notes to facilitators**<br>**သင်တန်းနည်းပြမှတ်စုများ**<br>Examples might include<br>ဥပမာများတွင် အောက်ပါတို့ ပါဝင်မည်<br>• LGBT<br>• Male SGBV survivors အမျိုးသား ရှင်သန်လွတ်မြောက်သူများ |
|---|

| | |
|---|---|
| • Sex workers | လိင်လုပ်သားများ |
| • Displaced people | နေရပ်ကိုစွန့်ခွာထွက်ပြေးရသူများ/ IDPများ |
| • Children | ကလေးသူငယ်များ |
| • People with disabilities | မသန်စွမ်းသောသူများ |
| • Ethnic/religious minorities | တိုင်းရင်းသားလူနည်းစုများ / ဘာသာရေးအရလူနည်းစုများ |
| • Domestic workers | အိမ်အကူများ |

- Facilitators should list the different groups suggested by participants on a whiteboard. Ask participants if they think any of these groups might be more vulnerable to SGBV? Why? Remind participants that the root cause of SGBV is an imbalance of power (refer to Handout 10.1.2 SGBV Tree). Do these groups have anything in common? Social structures/norms mean that these groups could have less power.
- သင်တန်းသူ၊သားများ အကြံပြုသော အုပ်စုအမျိုးမျိုးကို သင်တန်းနည်းပြမှ ဝိုက်ဘုတ်ပေါ်တွင် စာရင်းပြုစုချရေးရမည်။ ဤအုပ်စုများတွင် မည်သည့်အုပ်စုက SGBV ကိစ္စရပ်များတွင် ပိုမို၍ ထိရှလွယ်မည်ဟု ထင်ပါသလဲ ဟု သင်တန်းသူ၊ သားများအားမေးပါ။ အဘယ်ကြောင့် ထိုသို့ထင်ပါသလဲ။ SGBV ကိစ္စရပ်များ ဖြစ်ရခြင်း၏ အကြောင်းရင်းဇစ်မြစ်က လုပ်ပိုင်ခွင့်အာဏာ မညီမျှခြင်းကြောင့် ဖြစ်ကြောင်း သင်တန်းသူ၊ သားများအား သတိပေးပါ။ ( ဝေငှစာရွက် ၁၀.၁.၂ SGBV Tree အားရည်ညွှန်းပါ)။ ဤအုပ်စုများတွင် ဘုံတူညီချက်ရှိပါသလား။ လူမှုအသိုင်းအဝိုင်းတည်ဆောက်ပုံ/စံသတ်မှတ်ချက်များက ဤအုပ်စုများ၏ လုပ်ပိုင်ခွင့်အာဏာကို အားနည်းအောင် အဓိပ္ပယ်သက်ရောက်စေသည်။

| **ACTIVITY 1: BARRIERS TO ACCESS TO JUSTICE FOR SGBV SURVIVORS** | **(20 mins)** |
|---|---|
| **လုပ်ရှားမှု ၁ - တရားမျှတမှုလက်လှမ်းမီခြင်းတွင် SGBV ရှင်သန်လွတ်မြောက်သူများအတွက် အခက်အခဲအတားအဆီးများ** | **(၂၀ မိနစ်)** |
| **Purpose of Activity:** To illustrate how social structures and cultural norms create barriers to accessing justice in SGBV cases for the different groups we have identified.<br>**လှုပ်ရှားမှု၏ရည်ရွယ်ချက် -** ကျွန်ုပ်တို့ဖော်ထုတ်ခဲ့သောအုပ်စုများတွင် SGBV ကိစ္စဖြစ်ပွားပါက ၎င်းတို့အတွက် တရားမျှတမှုလက်လှမ်းမီရေးတွင် လူမှုအသိုင်းအဝိုင်းသတ်ချက်များ နှင့် ထုံးတမ်းစဉ်လာစံသတ်မှတ်ချက်များက မည်ကဲ့သို့ အဟန့်အတား/အတားအဆီး ဖြစ်စေသည်ကို သာဓကပြရန်။<br><br>**Methodology:** Power walk<br>**သင်ကြားရေးနည်းစနစ် -** Power walk<br><br>**Materials:** Markers and Paper<br>**သင်ထောက်ကူပစ္စည်း -** မာကာပင်များနှင့် စာရွက်<br><br>**Handout(s):** Handout 10.1.1 Power Walk Cards (cut into strips)<br>**ဝေငှစာရွက်များ -** ဝေငှစာရွက် ၁၀.၁.၁ Power Walk ကတ် ( အလျားလိုက် ဖြတ်ပါ ) | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants if they recall the power walk activity from earlier in the training course. Ask for 10 volunteers, giving them each a card and asking them not to reveal it to the other participants.

- အရင်သင်တန်းအစီအစဉ်များတွင် လုပ်ဆောင်ခဲ့ဖူးသော power walk လှုပ်ရှားမှုကို အမှတ်ရပါသလားဟု သင်တန်းသူ၊ သားများအား မေးပါ။ သင်တန်းသူ၊ သားများမှ volunteer (၁၀) ဦး ကိုဖိတ်ခေါ်ပါ၊ တစ်ဦးစီအား ကတ်တစ်ခုစီ ပေးပြီး အခြားသူများအား မပြသရန် ပြောပါ။
- Facilitators will read out a list of statements, asking the 10 volunteers to take a step forward if the statement applies to them.
- သင်တန်းနည်းပြမှ အောက်တွင်ဖော်ပြထားသော အဆိုတစ်ခုစီကို အသံကျယ်ကျယ်ဖြင့် ဖတ်ပါ။ volunteer (၁၀) ဦးအား မိမိနှင့် ဆီလျော်သည့်အဆိုတွင် ရှေ့သို့ တစ်လှမ်းတိုးရန် ပြောပါ။
    - *It would be easy for me to tell my family that I had experienced SGBV*
    - *ကျွန်ုပ် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်ခံရသည့်အကြောင်းအား ကျွန်ုပ်၏မိသားစုအား ပြောပြရန် ကျွန်ုပ်အတွက် လွယ်ကူသည်။*
    - *It would be easy for me to make a police report about SGBV that I had experienced*
    - *ကျွန်ုပ် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်ခံရသည့်အကြောင်းအား ရဲစခန်းတွင် တိုင်ကြားချက် ပြုလုပ်ရန် ကျွန်ုပ်အတွက် လွယ်ကူသည်။*
    - *I have easy access to medical treatment and care*
    - *ကျွန်ုပ်အတွက် ဆေးကုသမှု နှင့် စောင့်ရှောက်မှု ရယူရန် လွယ်သည်။*
    - *I have easy access to counselling and mental health/emotional support*
    - *ကျွန်ုပ်အတွက် နှစ်သိမ့်ဆွေးနွေးခြင်း နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး/ စိတ်ခံစားမှုဆိုင်ရာအထောက်အပံ့ ရယူလွယ်သည်။*
    - *I have access to information about what SGBV services are available to me*
    - *ကျွန်ုပ်အနေဖြင့် မည်သည့် SGBV ဝန်ဆောင်မှုများ ကို ရနိုင်သည်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကျွန်ုပ် လက်လှမ်းမီသည်။*
    - *I am not afraid of what my community/peers will think about me if I make a complaint about SGBV I have experienced*
    - *ကျွန်ုပ် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုအကြမ်းဖက်ခံရသည့်အကြောင်းအား တိုင်ကြားမည်ဆိုလျှင် ကျွန်ုပ်၏ ပတ်ဝန်းကျင်/အသိုင်းအဝိုင်းက မည်သို့ထင်မြင်ကြမည်ကို ကျွန်ုပ် မကြောက်ပါ။*
- Facilitators should encourage open discussion about the reasons that the volunteers think that the statements do not apply to them. The aim of the activity is to encourage participants to consider how a range of factors can combine to impact on the ways in which people are able to access justice for SGBV.
- Volunteer များက ၎င်းတို့နှင့် ဆီလျော်မှုမရှိဟုယူဆသော အဆိုများတွင် ထိုသို့ ယူဆရခြင်း၏ အကြောင်းပြချက်အား သင်တန်းနည်းပြက အဖွင့် ဆွေးနွေးမှု ဖြစ်လာရန် တိုက်တွန်းပေးပါ။ ဤလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ သင်တန်းသူ၊ သားများအား ကွဲပြားသောအကြောင်းအရာအမျိုးမျိုးက ပေါင်းစပ်ကာ SGBV ကိစ္စရပ်နှင့် ပတ်သက်၍ တရားမျှတမှုရရှိရန် ကြိုးပမ်းနေသော သူများကို မည်သို့ အကျိုးသက်ရောက်စေသည်ကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းခြင်းဖြစ်သည်။

**Notes to facilitators**

**သင်တန်းနည်းပြ မှတ်စုများ**

'Intersectionality' or 'intersectional theory' refers to a way of analyzing and thinking critically about discrimination. It refers to the ways in which different forms of discrimination converge and cannot be considered in isolation from each other. Intersectional analysis is particularly important when we are considering discrimination against women. Discrimination on the basis of socio-economic background, ethnicity, race, religion, sexual and gender orientation and physical/mental ability is compounded by gender discrimination and numerous different forms of discrimination have a cumulative impact on people's lives.

| |
|---|
| "ဆုံမှတ်" သို့မဟုတ် "ဆုံမှတ်သီအိုရီ" ဆိုသည်မှာ ခွဲခြားဆက်ဆံခြင်းနှင့်ဆိုင်သော အကြောင်းအရာများအပေါ် အချက်ကျကျစဉ်းစားတွေးခေါ်ခြင်းနှင့် ခွဲခြားစိတ်ဖြာခြင်းဆိုင်ရာ နည်းလမ်းတစ်ခုကို ဆိုလိုပါသည်။ မိမိတို့ ပတ်ဝန်းကျင်ရှိ မတူညီသော ခွဲခြားဆက်ဆံမှုများသည် ပုံစံတူသော ခွဲခြားဆက်ဆံမှုတစ်မျိုးထဲသို့သာ လာရောက်ပေါင်းစုံ ကြသောကြောင့် ထိုအရာများသည် ၎င်းတို့ချည်း သီးခြားမရပ်တည်နိုင်ပါ။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းများ အကြောင်း စဉ်းစားတွေးခေါ်သည့်အခါ ဆုံမှတ်သီအိုရီ၏ ခွဲခြားစိတ်ဖြာခြင်းများကို ထည့်သွင်းစဉ်းစားရန် လွန်စွာအရေးကြီးလှပါသည်။ ကျားမရေးရာခွဲခြားဆက်ဆံခြင်းဆိုသည်မှာ - လူမှုစီးပွားရေးဆိုင်ရာနောက်ခံအကြောင်းအရာများ၊ မျိုးနွယ်စုများ၊ လူမျိုးရေး၊ ဘာသာရေး၊ လိင်ပိုင်းဆိုင်ရာနှင့်ကျားမရေးရာတိမ်းညွှတ်မှုများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ စသည်တို့အပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံခြင်းမျိုးဖြစ်ပြီး၊ ထိုမတူညီသောခွဲခြား ဆက်ဆံခြင်းများသည် လူပေါင်းများစွာ၏ ဘဝများအပေါ် များစွာသက်ရောက်မှု ရှိနေပါသည်။ |

| **ACTIVITY 2: IDENTIFYING BARRIERS** | **(55 mins)** |
|---|---|
| **လှုပ်ရှားမှု ၂ - အခက်အခဲအတားအဆီးများအား ဖော်ထုတ်ခြင်း** | **(၅၅ မိနစ်)** |
| **Purpose of Activity:** To identify barriers to access to justice that different groups face, and to identify opportunities to address them.<br>**လှုပ်ရှားမှု၏ရည်ရွယ်ချက်** - တရားမျှတမှုလက်လှမ်းမီရန်အတွက် အုပ်စုအမျိုးမျိုးမှ တွေ့ကြုံနေရသော အခက်အခဲအတားအဆီးများအား ဖော်ထုတ်ရန်နှင့် ထိုအခက်အခဲအတားအဆီးများကို ဖြေရှင်းရန် အခွင့်အလမ်းများကို ဖော်ထုတ်ရန်<br><br>**Methodology:** Group work, presentations, jigsaw activity<br>**သင်ကြားရေးနည်းစနစ်** - အဖွဲ့လိုက်လုပ်ဆောင်ခြင်း၊ တင်ပြခြင်း<br><br>**Materials:** Flipcharts, markers<br>**သင်ထောက်ကူပစ္စည်းများ** - စာရွက်ဖြူကြီးများ၊ မာကာပင်များ<br><br>**Handout(s):** Handout 10.1.2 SGBV Tree<br>**ဝေငှစာရွက်များ** - ဝေငှစာရွက် ၁၀.၁.၂ SGBV Tree | |

**Instructions**

**လမ်းညွှန်ချက်**

- Advise participants that when responding to SGBV it is essential to consider the specific needs of different groups of people. In this activity, groups will work to identify the specific issues that certain vulnerable or marginalized groups might face and develop strategies to address these challenges.
- SGBV ကိစ္စရပ်များကို တုံ့ပြန်ဖြေရှင်းရာတွင် လူအုပ်စုအမျိုးမျိုးအလိုက် လိုအပ်ချက်များကို တိတိကျကျ ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်ဟု သင်တန်းသူ၊ သားများအား အကြံပြုပါ။ ဤလှုပ်ရှားမှုတွင် ထိရှလွယ်သော သို့မဟုတ် ဖယ်ကျဉ်ခံရသောအုပ်စုများ တွေ့ကြုံနိုင်သည့် တိကျသောအကြောင်းအရာများ ကိုအဖွဲ့လိုက် ဖော်ထုတ်ကြရမည်ဖြစ်ပြီး ထိုအကြောင်းအရာစိန်ခေါ်ချက်များကို ဖြေရှင်းမည့် မဟာဗျူဟာများကို ဖန်တီးကြရမည် ဖြစ်သည်။
- In groups, participants will work to identify the specific barriers to access to justice that their target group might face. These barriers could be formal (relating to laws) or structural (relating to social norms or customs).
- အဖွဲ့လိုက်လုပ်ဆောင်မှုတွင် သင်တန်းသူ၊ သားများသည် ၎င်းတို့၏ ဦးတည်အုပ်စု တရားမျှတမှုလက်လှမ်းမီရန် ကြုံတွေ့နိုင်သည့် တိကျသောအခက်အခဲအတားအဆီးများကို ဖော်ထုတ်ကြရမည်။ ထိုအခက်အခဲများသည် သမာရိုးကျဆန်နိုင်သည် ( ဥပဒေများ နှင့် ဆက်နွယ်ခြင်း) သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်နိုင်သည် ( လူမှုအသိုင်းအဝိုင်း စံသတ်မှတ်ချက်များ သို့မဟုတ် ဓလေ့ထုံးတမ်းများ)။

- Refer back to the vulnerable groups identified by participants and split participants into groups accordingly. Using the SGBV tree diagram, groups should map the contributing factors and barriers to access to justice for their group.
- သင်တန်းသူ၊ သားများ ဖော်ထုတ်ခဲ့သော ထိရှလွယ်သည့်အုပ်စုများကို ပြန်လည်ရည်ညွှန်းပါ၊ ထိုနောက် အဆိုပါ အုပ်စုများအတိုင်း သင်တန်းသူ၊ သားများအား အဖွဲ့ခွဲပါ။ သင်တန်းသူ၊ သားများသည် SGBV tree ပုံကိုအသုံးပြုပြီး ၎င်းတို့ကျသောအုပ်စုအတွက် ပံ့ပိုးစေသည့်အကြောင်းအရာများ နှင့် တရားမျှတမှုလမ်းလှမ်းမီရန် အခက်အခဲ အတားအဆီးများကို နေသားတကျ ဆက်စပ်ရမည်။
- When groups have identified specific barriers they should next explore what steps can be taken to address the challenges they have identified. These steps should be specific actions that a community organization can take. It might be helpful for participants to organize these steps into three categories. These can be visualized by drawing fruits on the tree.
- အဖွဲ့များက တိကျသောအခက်အခဲအတားအဆီးများကို ဖော်ထုတ်ပြီးပါက နောက်တစ်ဆင့်အနေဖြင့် ဖော်ထုတ်ထားသော စိန်ခေါ်ချက်များကိုဖြေရှင်းရန် မည်သို့သောလုပ်ဆောင်မှုအဆင့်များကို ပြုလုပ်နိုင်သည်ကို လေ့လာဖော်ထုတ်ကြရမည်။ ဤလုပ်ဆောင်မှုအဆင့်များသည် လူမှုအဖွဲ့အစည်းတစ်ခုက လုပ်ဆောင်နိုင်သည့် တိကျသည့် လုပ်ဆောင်ချက်များ ဖြစ်ရပါမည်။ ထိုအဆင့်များကို အမျိုးအစား (၃) ခုအနေဖြင့် စုစည်းပါက သင်တန်းသူ၊ သားများအတွက် အကူအညီဖြစ်စေနိုင်လိမ့်မည်။ သစ်ပင်တွင် အသီးများအဖြစ် ရေးဆွဲကာ ထင်သာမြင်သာရှိစေနိုင်သည်။
- Participants should be encouraged to develop detailed ideas that they could realistically implement in their organisations and communities.
- သင်တန်းသူသားများအနေဖြင့် ၎င်းတို့၏အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများတွင် လုပ်ဆောင်နိုင်သော လက်တွေ့ကျသည့် အကြံဉာဏ်နည်းလမ်းများ ကို အသေးစိတ် ဖန်တီးလုပ်ဆောင်ကြရန် တိုက်တွန်းပါ။
- Once each group has identified contributing factors, barriers and solutions, groups rotate to share information (jigsaw activity), rotating every 2 minutes until all groups have shared and received information about the identified marginalized groups. On each rotation, groups can add to the diagram to complete the picture.
- အဖွဲ့တစ်ဖွဲ့စီမှ ပံ့ပိုးစေသည့်အကြောင်းအရာများ၀ အတားအဆီးများ နှင့် ဖြေရှင်းနည်းများကို ဖော်ထုတ်ပြီးပါက အဖွဲ့များမှ သတင်းအချက်အလက်များကို အလှည့်ကျ ဝေမျှရမည်ဖြစ်သည် ( ဂျစ်ဆောလှုပ်ရှားမှု)၊ ဖော်ထုတ်ထားသောဖယ်ကျဉ်ခံအုပ်စုများအကြောင်းကို (၂) မိနစ်စီ အဖွဲ့များအားလုံးအလှည့်ကျ သတင်းအချက်အလက်များကို ဝေမျှခြင်းနှင့် ရယူခြင်း လုပ်ဆောင်ရမည်။ အလှည့်ကျလှည့်ပေးခြင်းတစ်ခုစီတွင် အဖွဲ့များမှ ပုံ ထပ်ဖြည့်ခြင်းအားဖြင့် ပုံအား ပြည့်စုံစေမည်။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(၅ မိနစ်)** |

Review the session and check understanding of intersectional theory and the way that various factors can combine to restrict access to justice.
အစီအစဉ်ကို ပြန်လည်သုံးသပ်ပါ။ ဆုံမှတ်သီအိုရီအား နားလည်သဘောပေါက်မှုအား ပြန်လည်စစ်ဆေးပါ၊ နှင့် တရားမျှတမှု လက်လှမ်းမှီရေးအား ကန့်သတ်ရန် ဖြစ်စေသော အကြောင်းရင်း အမျိုးမျိုးပေါင်းစုနိုင်သည်ကို ပြန်လည်သုံးသပ်ပါ။

# Handout 10.1.1: Power Walk Cards
# ဝေငှစာရွက် (၁၀.၁.၁) - Power Walk ကတ်များ

| |
|---|
| Gay man, 30 years old, Barmar, rich businessman<br>အသက် ၃၀အရွယ်ရှိ ချမ်းသာသည့် စီးပွားရေးသမား ဗမာလူမျိုး၊ လိင်တူချစ်သူအမျိုးသား |
| Sex worker, female, 20 years old<br>အသက် ၂၀ အရွယ်ရှိ လိင်အလုပ်သမ အမျိုးသမီး |
| Transgender woman (M=>F), 27 years old<br>အသက် ၂၇ နှစ် အရွယ်ရှိ အမျိုးသားမှ အမျိုးသမီးလိင်အင်္ဂါ ပြောင်းထားသူ |
| Deaf woman, 52 years old<br>အသက် ၅၂ နှစ် အရွယ်ရှိ နားမကြားသော အမျိုးသမီး |
| Lesbian woman, 38 years old, shopkeeper<br>အသက် ၃၈ နှစ် အရွယ်ရှိ ဈေးဆိုင်ပိုင်ရှင် လိင်တူချစ်သူ အမျိုးသမီး |

Female, 19 years old, Kachin, displaced by conflict

ပဋိပက္ခကြောင့် နေရာ ဖယ်ရှားခြင်း ခံရသည့် ( စစ်ရှောင်) အသက် ၁၉ နှစ် အရွယ်ရှိ ကချင် အမျိုးသမီး

Male, soldier, 43 years old

အသက် ၄၃ နှစ် အရွယ်ရှိ စစ်သား (အမျိုးသား)

Female domestic worker, 19 years old

အသက် ၁၉ နှစ် အရွယ်ရှိ ပြည်တွင်းရှိ အလုပ်သမား အမျိုးသမီး

Female school pupil

ကျောင်းသူ

Female movie star, 30 years old

အသက် ၃၀ အရွယ်ရှိ အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်

# Module 10.2: Special Groups 2
# အစီအစဉ် (၁၀.၂) - အထူးဂရုစိုက်ရမည့် အုပ်စုများ (၂)

**Purpose of Session:** To focus on the specific needs of children who have experienced SGBV and to introduce some principles of child protection. Note that this module is not intended as a comprehensive guide to child protection issues, but as a way of introducing participants to some of the relevant considerations when working with children. 'Child' refers to any person under the age of 18, as defined in the Convention on the Rights of the Child.

**အစီအစဉ်၏ ရည်ရွယ်ချက်:** SGBV ခံစားခဲ့ရသည့် ကလေးငယ်များ၏ တိတိကျကျလိုအပ်ချက်များကို အလေးပေး လေ့လာရန်နှင့် ကလေးသူငယ်ကာကွယ်ရေးနှင့် ပတ်သက်သည့် မူဝါဒအချို့အား မိတ်ဆက်ပေးရန်။ ဤမော်ဂျူးသည် ကလေးသူငယ်ကာကွယ်ခြင်း ကိစ္စနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လမ်းညွှန်မှုတစ်ခုအဖြစ် ရည်ရွယ်မထားပါ။ သို့သော် ကလေးသူငယ်များနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရာတွင် သင့်လျော်သည့် စဉ်းစားတွေးတောမှုတချို့ကို သင်တန်းသူ၊ သားများအား မိတ်ဆက်ပေးခြင်း ဖြစ်သည်။ ဤနေရာတွင် "ကလေးသူငယ်" ဟူသည် အသက် ၁၈ နှစ်အောက်ရှိ မည်သူ့ကိုမဆို ရည်ညွှန်းပါသည်။ ထိုသို့ ရည်ညွှန်းခြင်းမှာ ကလေးသူငယ်အခွင့်အရေး ညီလာခံမှ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

## Outcomes, Skills and Methodologies
## ရလဒ်များ၊ ကျွမ်းကျင်မှုများ နှင့် သင်ကြားရေး နည်းစနစ်များ

| Outcomes: | ရလဒ်များ |
|---|---|
| As a result of this session participants will be able to:<br>• Explain the specific needs of young SGBV survivors and the related case management considerations. | ဤအစီအစဉ်မှ သင်တန်းသူ၊သားတို့သည် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါလိမ့်မည်။<br>• ငယ်ရွယ်သော SGBV ရှင်သန်လွတ်မြောက်သူများ၏ အသေးစိတ် လိုအပ်ချက်များကို ရှင်းပြလာနိုင်မည့်အပြင် ဆက်နွယ်နေသော အမှုစီမံခန့်ခွဲခြင်းတွင် ထည့်သွင်းစဉ်းစားရမည့်အရာများကိုပါ ရှင်းပြလာနိုင်မည်။ |

| Skills: | ကျွမ်းကျင်မှုများ |
|---|---|
| In this session participants will practice the following skills:<br>• Discussion<br>• Communication<br>• Critical thinking | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါ ကျွမ်းကျင်မှုများ ရရှိစေရန် လေ့ကျင့်ကြမည်။<br>• ဆွေးနွေးခြင်း<br>• ဆက်သွယ်ပြောဆိုခြင်း<br>• ဝေဖန်ဆန်းစစ်တွေးတောခြင်း |

| Methodologies: | သင်ကြားရေးနည်းစနစ်များ |
|---|---|
| In this session participants will practice the following training methodologies:<br>• Information sharing<br>• Presentations<br>• Discussion | ဤအစီအစဉ်တွင် သင်တန်းသူ၊သားများသည် အောက်ဖော်ပြပါသင်ကြားရေး နည်းပညာများကို လေ့ကျင့်ကြမည်။<br>• သတင်းအချက်အလက်ဝေမျှခြင်း<br>• တင်ပြခြင်း<br>• ဆွေးနွေးခြင်း |

**Rule of Law Principles**
**တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ**

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Access to justice<br>• Human rights<br>• Non-discrimination<br>• Equality | ဤအစီအစဉ်သည် အောက်တွင်ဖော်ပြထားသော တရားဥပဒေစိုးမိုးရေးမှုများနှင့် ဆက်စပ်ပါသည်။<br>• တရားမျှတမှုရရှိစေခြင်း<br>• လူ့အခွင့်အရေး<br>• ခွဲခြားဆက်ဆံမှုမရှိခြင်း<br>• တန်းတူညီမျှမှုရှိခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| Materials: | သင်ထောက်ကူပစ္စည်းများ၊ |
|---|---|
| For this session you will need:<br>• Whiteboard/markers | ဤအစီအစဉ်အတွက် သင်သည် အောက်ပါ အရာများကို လိုအပ်ပါလိမ့်မည်။<br>• ဝိုက်ဘုတ်၊ မာကာပင်များ |

| Handouts: | ဝေငှစာရွက်များ |
|---|---|
| In this session, participants will use:<br>• Handout 10.2.1: Child Protection | ဤအစီအစဉ်တွင်သင်တန်းသူ၊ သင်တန်းသားများသည် အောက်ပါတို့ကို အသုံးပြု ရပါလိမ့်မည်။<br>• ဝေငှစာရွက် ၁၀.၂.၁ - ကလေးသူငယ်ကာ ကွယ်ခြင်း |

| OPEN SESSION | (2 mins) |
|---|---|
| **အဖွင့်အစီအစဉ်** | (၂ မိနစ်) |

Share session's purpose and relevant background. Write outcomes on flipchart paper and explain them. Discuss announcements and other concerns.
အစီအစဉ်၏ ရည်ရွယ်ချက်နှင့် ဆက်စပ်သည့် နောက်ခံအကြောင်းတရားကို မျှဝေပါ။ စာရွက်ဖြူ ကြီးပေါ်တွင် ရလဒ်များကို ရေးသားပြီး ရှင်းပြပါ။ ကြေငြာချက်များ၊ အခြား ပြောစရာရှိသည့် အကြောင်းအရာများကို ဆွေးနွေးပါ။

| REVIEW | (3 mins) |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | (၃ မိနစ်) |

Link this session's outcomes to previous sessions and activities.
ဤအစီအစဉ်၏ ရလဒ်များကို ပြီးခဲ့သော အစီအစဉ်နှင့် လှုပ်ရှားမှုများနှင့် ဆက်စပ်ပေးပါ။
Explain to participants that we will now focus on one of the special groups we identified in the previous session – children.
ပြီးခဲ့သည့် အစီအစဉ်တွင် ဖော်ထုတ်ခဲ့သည့် special group တစ်ခုဖြစ်သည့် ကလေးသူငယ်များ အကြောင်းကို အလေးပေး ဆွေးနွေးမည်ဖြစ်ကြောင်း ပြောပါ။

| GUIDED DISCUSSION | (10 mins) |
|---|---|
| **လမ်းညွှန်မှုပေးထားသည့် ဆွေးနွေးခြင်း** | (၁၀ မိနစ်) |
| **Purpose of Activity:** Share information with participants about child protection considerations and their relevance to SGBV response. | |

**လှုပ်ရှားမှု၏ရည်ရွယ်ချက်** - သင်တန်းသူ၊သားများအား ကလေးသူငယ် ကာကွယ်ရေး အတွက် စဉ်းစားတွေးတောရမည့် အချက်များ၊ SGBV နှင့် သက်ဆိုင်သော သင့်လျော်သည့် တုန့်ပြန်ချက်များကို ဝေမျှပေးရန်။

**Methodology:** Knowledge sharing, discussion
**သင်ကြားရေးနည်းစနစ်** - အသိပညာ ဗဟုသုတ ဝေမျှခြင်း၊ ဆွေးနွေးခြင်း။

**Materials:** None
**သင်ထောက်ကူများ** - မရှိပါ။

**Handout(s):** Handout 10.2.1 Child Protection
**ဝေငှစာရွက်များ** - ဝေငှစာရွက် ၁၀.၂.၁ ကလေးသူငယ်ကာကွယ်ခြင်း

**Instructions**
**ညွှန်ကြားချက်များ**
Ask participants to share their experiences of working with child survivors of SGBV (reminding them to anonymize their examples). What issues do children in their community face?
သင်တန်းသူ၊သားများအား SGBV ရှင်သန်လွတ်မြောက်သူ ကလေးသူငယ်များနှင့် အလုပ်လုပ်ခဲ့ဖူးသည့် အတွေ့အကြုံများကို မျှဝေစေပါ။( ထိုသို့မျှဝေရာတွင် ၎င်းတို့၏ ဥပမာများအား နာမည်ရင်းဖြင့် မပြောစေရန် သတိပေးပါ။) ၎င်းတို့၏ ရပ်ရွာထဲ၌ ကလေးသူငယ်များ မည်သည့် ပြဿနာများ ရင်ဆိုင်နေရသနည်း။

| ACTIVITY 1: RELEVANT CONSIDERATIONS FOR CHILDREN | (30 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - ကလေးသူငယ်များအတွက် သင့်လျော်သည့် စဉ်းစားရမည့် အချက်များ** | **(မိနစ် ၃၀)** |

**Purpose of Activity:** To explore the various factors that SGBV responders need to consider when working with child survivors of SGBV.
**လှုပ်ရှားမှု၏ရည်ရွယ်ချက်** - SGBV ရှင်သန်လွတ်မြောက်သူ ကလေးသူငယ်များနှင့် အလုပ်လုပ်သည့်အခါ SGBV တုန့်ပြန်သူများစဉ်းစားရန် လိုအပ်သည့်အချက်အလက် အမျိုးမျိုးကို ရှာဖွေဖော်ထုတ်ရန်။

**Methodology:** Group activity
**သင်ကြားရေးနည်းစနစ်** - အုပ်စုလိုက် လှုပ်ရှားမှု

**Materials:** Whiteboard, flipchart, markers
**သင်ထောက်ကူပစ္စည်းများ** - သင်ပုန်း၊ စာရွက်ဖြူကြီး၊ မာကာများ

**Handout(s):** None
**ဝေငှစာရွက်များ** - မရှိပါ။

**Instructions**
**ညွှန်ကြားချက်များ**
- Facilitators should write the following headings on the whiteboard or on a flipchart:
- သင်တန်းနည်းပြမှ အောက်ပါ ခေါင်းစဉ်များကို သင်ပုန်းပေါ်တွင် (သို့) စာရွက်ဖြူကြီးပေါ်တွင် ရေးထားပါ။
    1. What are the issues in your community? (Ensure that responses are recorded by a note-taker as this will provide important information for the project).
    ၁။ သင်တို့၏ ရပ်ရွာထဲတွင် ဖြစ်ပေါ်နေသော ပြဿနာများမှာ အဘယ်နည်း။ (ဆွေးနွေးထားသည်များကို note-taker မှ မှတ်တမ်းတင်ထားရန် လိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤဆွေးနွေးထားချက်များသည် ပရောဂျက်အတွက် အရေးပါသည့် အချက်အလက်များ ဖြစ်သောကြောင့် ဖြစ်သည်။)

2. What are some of the barriers to access to justice for a child?
   ၂။ ကလေးသူငယ်တယောက်အတွက် တရားမျှတမှု လက်လှမ်းမီရန်အတွက် ဘာတွေကအတားအဆီးများ ဖြစ်ကြသနည်း။
3. What needs will a child survivor of SGBV have?
   ၃။ SGBV ရှင်သန်လွတ်မြောက်သူ ကလေးသူငယ်တစ်ယောက်သည် ဘာလိုအပ်ချက်များ ရှိမည်နည်း။
4. What are the possible impact on the child's caregivers?
   ၄။ ကလေး သူငယ် စောင့်ရှောက်သူများအပေါ် မည်သည့် အကျိုး သက်ရောက်မှု များ ရှိမည်နည်း။

- Each group has 15 minutes to prepare and around 3-4 minutes to present. (30 minutes total)
- အဖွဲ့တစ်ဖွဲ့စီသည် ပြင်ဆင်ချိန် အချိန် ၁၅ မိနစ် ရရှိမည်ဖြစ်ပြီး တင်ပြချိန် ၃-၄ မိနစ် ရရှိမည်ဖြစ်သည်။ (စုစုပေါင်း မိနစ် ၃၀)

| ACTIVITY 2: COMMUNICATING WITH CHILDREN | (40 mins) |
|---|---|
| **လုပ်ရှားမှု ၂ - ကလေးသူငယ်များနှင့် ဆက်သွယ်ပြောဆိုခြင်း** | **(၄၀ မိနစ်)** |
| **Purpose of Activity:** To develop effective communication skills when interviewing children.<br>**လုပ်ရှားမှု၏ ရည်ရွယ်ချက်** - ကလေးများအား အင်တာဗျူးသောအခါ အကျိုးရှိသည့် ဆက်သွယ်ပြောဆိုသည့် ကျွမ်းကျင်မှုများအား ဖော်ဆောင်ရန်။<br><br>**Methodology:** Knowledge sharing, role play<br>**သင်ကြားရေးနည်းစနစ်** - အသိပညာ ဝေမျှခြင်း၊ သရုပ်ဆောင်ခြင်း<br><br>**Materials:** None<br>**သင်ထောက်ကူ** - မရှိပါ။<br><br>**Handout(s):** None<br>**ဝေငှစာရွက်များ** - မရှိပါ။ | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants what types of interviews might need to be conducted with children?
- ကလေးများနှင့်ပတ်သက်၍ မည်ကဲ့သို့သောအင်တာဗျူးမျိုး ပြုလုပ်ရမည်နည်းဟု သင်တန်းသူ၊သားများအား မေးပါ။
- Who will conduct interviews of children?
- ကလေးများအား မည်သူက အင်တာဗျူးမည်နည်း။

| Notes to facilitators |
|---|
| **သင်တန်းနည်းပြများအတွက် မှတ်စုများ**<br>Types of interviews<br>အင်တာဗျူး အမျိုးအစားများ<br>- Forensic interviews (doctors, health workers, police)<br>- မှုခင်းဆိုင်ရာ အင်တာဗျူးများ (ဆရာဝန်များ၊ ကျန်းမာရေး လုပ်သားများ၊ ရဲ)<br>- Medical interviews (doctors, health workers)<br>- ဆေးဘက်ဆိုင်ရာ အင်တာဗျူးများ (ဆရာဝန်များ၊ ကျန်းမာရေး လုပ်သားများ)<br>- Intake and assessment interviews (paralegals, caseworkers)<br>- စတင်လာရောက်ချိန်၌ အကဲဖြတ် အင်တာဗျူးများ (paralegals, casewokers) |

- Facilitators list the best practices detailed below[1] on the whiteboard. For each one, encourage participants to offer explanations and examples. (20 mins)
- သင်တန်းနည်းပြများမှ အောက်ပါစာရင်းကို သင်ပုန်းပေါ်၌ အသေးစိတ်ရေးထားပါ။ သင်တန်းသူ၊သားများအား အောက်ပါ တစ်ခုစီကို ဥပမာများဖြင့် ရှင်းပြစေပါ။

1. Be comforting, supportive and reassure the child

   ၁။ ကလေးအား နှစ်သိမ့်ပေးခြင်း၊ အထောက်အပံ့ပေးခြင်းနှင့် ပူပင်သောကဖြေဖျောက်စေရန် အားပေးခြင်း။

2. Do no harm

   ၂။ အန္တရာယ် မပြုပါနှင့်။

3. Speak to children in a way they understand

   ၃။ ကလေးများအား ၎င်းတို့ နားလည်စေနိုင်သည့် နည်းဖြင့် စကားပြောပါ။

4. Create a feeling of safety

   ၄။ လုံခြုံမှုရှိသည့် ခံစားချက် ရရှိစေရန် ဖန်တီးပေးပါ။

5. Explain

   ၅။ ရှင်းပြပါ။

6. Use appropriate people

   ၆။ သင့်လျော်သည့် လူအား အသုံးပြုပါ။

7. Non-verbal communication

   ၇။ နှုတ်အားဖြင့် မဟုတ်ဘဲ ပြောဆို ဆက်သွယ်ခြင်း

8. Respect the child's opinions

   ၈။ ကလေးများ၏ ထင်မြင်ချက်များအား လေးစားခြင်း

**Notes to facilitators**
**သင်တန်းနည်းပြများအတွက် မှတ်စုများ**

1. Be comforting, supportive, and reassure the child: Remember that children may not understand.

[1] Best practices based on the Caring for Child Survivors (CCS) of Sexual Abuse Guideline, available at http://gbvresponders.org/wp-content/uploads/2014/07/CCS-Guidelines-lowres.pdf

၁။ ကလေးအား နှစ်သိမ့်ပေးခြင်း၊ အထော က်အပံ့ပေးခြင်းနှင့် ပူပင်သောက ဖြေဖျောက်စေရန် အားပေးခြင်း - ကလေးများ နားမလည်ဘူး ဆိုသည်ကို သတိရပါ။

2. what is happening to them and may experience fear, shame, embarrassment and anger. Do not get angry or frustrated with the child, and do not make any suggestion that you do not believe them. Reassure them that the incident was not their fault and that you believe them. Use phrases like "I believe you", "you are very brave for talking to me about this" and "it's not your fault". Make sure the child knows that you want to help.
   ၂။ ၎င်းတို့မှာ ဘာတွေ ဖြစ်နေသနည်း။ ၎င်းတို့သည် ကြောက်ရွံ့မှု၊ ရှက်ရွံ့မှု၊ ကသိကအောက်ဖြစ်မှုနှင့် စိတ်တိုမှုများ ခံစားနေရသည်။ ကလေးများအပေါ် စိတ်မဆိုး ပါနှင့်၊ စိတ်အနှောင့်အယှက် မဖြစ်ပါနှင့်။ ၎င်းတို့အား သင် မယုံဘူးဟု မပြောပါနှင့်။ ဤအဖြစ်အပျက် ဖြစ်ခဲ့တာသည် ၎င်းတို့၏ အပြစ်မဟုတ်ပါဟု ပြောပြီး ၎င်းတို့အား မိမိ ယုံကြည်ကြောင်း ပြော၍ သောက ဖြေဖျောက် ပေးပါ။ "အန်တီ သမီးကို ယုံတယ်" "သမီး ဒီအကြောင်း အန်တီ့ကို ပြောပြတာ အရမ်းသတ္တိ ရှိတာပဲ" "ဒီကိစ္စဟာ သမီးရဲ့ အပြစ်မဟုတ်ပါဘူး" ဟူသည့် စကားများကို အသုံးပြုပါ။ သင်က ကလေးအား ကူညီပေးချင်သည် ဆိုသည်ကို ကလေး သိပါစေ။

3. Do no harm: Do not say anything that could further traumatize the child. Do not try and force them to answer questions if they are not ready. Remember the string activity – refrain from having the child repeat their story to different people.
   ၃။ အန္တရာယ် မပြုပါနှင့် - ကလေးအား စိတ်ဒဏ်ရာရရှိစေနိုင်သည့် မည်သည့်စကားမျှ မပြောပါနှင့်။ ၎င်းတို့ မဖြေချင်လျှင် မေးခွန်းများ အတင်းမမေးပါနှင့်။ string activity ကို သတိရပါ။ ထို activity ထဲ၌ ကလေးအား ၎င်းဖြစ်ပျက်ခဲ့သည်များအား လူ ပေါင်းစုံအား ထပ်ကာ ထပ်ကာ မပြောစေပါနှင့်။

4. Speak to children in a way they understand: All information must be presented in a clear way that is appropriate for the child's age and developmental stage.
   ၄။ ကလေးများအား ၎င်းတို့ နားလည်စေနိုင်သည့် နည်းဖြင့် စကားပြောပါ - ကလေး၏ အသက်အရွယ်နှင့် ဖွံ့ဖြိုးမှု အဆင့်ပေါ် မူတည်၍ သင့်လျော်ပြီး ရှင်းလင်းသည့် ပုံစံဖြင့် သတင်းအချက်အလက်များ ပေးရမည်။

5. Create a feeling of safety for the child: the space you use for interviews should be private. Offer children the choice of having a trusted adult present. Make sure that the adult is someone the child trusts and never include the person suspected of abusing the child in the interview. Be honest and do not make promises you cannot keep.
   ၅။ လုံခြုံမှု ရှိသည့် ခံစားချက် ရရှိစေရန် ဖန်တီးပေးပါ - အင်တာဗျူးအတွက် အသုံးပြုသည့် နေရာသည် သီးသန့် ဖြစ်သည့် နေရာ ဖြစ်သင့်သည်။ ယုံကြည်ရသည့် လူကြီးတယောက် ခေါ်ဆောင်ခွင့် ရှိကြောင်း ကလေးများအား ပြောပြပါ။ ထို လူကြီးတယောက်သည် ကလေးမှ ယုံကြည်ရသည့်သူဖြစ်ရန်လိုအပ်ပြီး ကျူးလွန်သည်ဟု သံသယ ရှိသူအား အင်တာဗျူးထဲတွင် မပါဝင်ပါစေနှင့်။ ရိုးသားပါ။ မလုပ်ဆောင်နိုင်သည့် အရာများအား ကတိမပေး ပါနှင့်။

6. Explain why you are talking to the child: ensure that the child understands the case process and tell the child what you are going to explain to their parents/caregivers.
   ၆။ သင် ဘာကြောင့် ကလေးအား စကားပြောနေသည်ကို ရှင်းပြပါ - အမှုဖြစ်စဉ်အား ကလေးနားလည်ပါစေ။ ကလေးအား ၎င်း၏ မိဘများ နှင့် အုပ်ထိန်းသူများအား ရှင်းပြမည် ဖြစ်ကြောင်းလည်းပြောပြပါ။

7. Use appropriate people: Only female service providers and interpreters should speak with girls about sexual abuse. Male child survivors should be offered the choice (if possible) to talk with a female or male provider, as some boys will feel more comfortable with a female service provider.

The best practice is to ask the child if he or she would prefer to have male or female trained staff on hand.

၇။ သင့်လျော်သည့် လူများကိုအသုံးပြုပါ - လိင်အကြမ်းဖက်မှုခံရသည့် မိန်းကလေးများနှင့် စကားပြောသည့်အခါ အမျိုးသမီး service provider များနှင့် စကားပြန်များကိုသာအသုံးပြုပါ။ ယောက်ျားလေး ကလေးသူငယ် လွတ်မြောက်လာသူများကတော့ အမျိုးသမီး (သို့) အမျိုးသား service provider များဖြင့် (ဖြစ်နိုင်လျှင်) ရွေးချယ်ခွင့် ပေးပါ။ အဘယ့်ကြောင့်ဆိုသော် ယောက်ျားလေးအချို့သည် အမျိုးသမီး service provider များနှင့် စကားပြောရလျှင် ပိုမိုသက်တောင့်သက်သာ ရှိသောကြောင့်ဖြစ်သည်။ အကောင်းဆုံး နည်းကတော့ ကလေး များအား မည်သည့် service provider (အမျိုးသား၊ အမျိုးသမီး) အား ပိုမို၍ စကားပြောလိုပါသလဲဟု မေးရန် ဖြစ်သည်။

8. Non-verbal communication: It is important to pay attention to both the child’s and your own non-verbal communication during any interaction. Children may demonstrate that they are distressed by crying, shaking or hiding their face, or changing their body posture. Curling into a ball, for example, is an indication to the adult working with the child to take a break or stop the interview altogether. Conversely, adults communicate non-verbally as well. If your body becomes tense or if you appear to be uninterested in the child’s story, he or she may interpret your non-verbal behavior in negative ways, thus affecting his or her trust and willingness to talk.

၈။ နှုတ်အားဖြင့်မဟုတ်ဘဲ ပြောဆိုဆက်သွယ်ခြင်း - ကလေးနှင့် အပြန်အလှန် ဆက်သွယ်ပြောဆို နေချိန်၌ ကလေး နှင့်အတူ သင်၏နှုတ်အားဖြင့် မဟုတ်ဘဲ ပြောဆို ဆက်သွယ်ခြင်းများကိုပါ အလေးပေး ဂရုစိုက်ရန် အရေးကြီးပါသည်။ ကလေးများသည် ၎င်းတို့၏ စိတ်အနှောင့်အယှက်ဖြစ်မှုအား ငိုယိုခြင်း၊ ၎င်းတို့၏ မျက်နှာအား ဖွက်ထားခြင်း (သို့) ခါရမ်းခြမ်း၊ (သို့) ၎င်းတို့၏ ခန္ဓာကိုယ် အနေအထား အား ပြောင်းလဲခြင်းများဖြင့် ဖော်ပြလေ့ ရှိသည်။ ဥပမာ - ကလေးမှ စိတ်အနှောင့်အယှက် ဖြစ်သည့်ပုံစံများ ဖြစ်လာလျှင် service provider အား အင်တာဗျူးမှ ခဏအနားပေးရန် အချက်ပြခြင်း ဖြစ်သည်။ အပြန်အလှန်အားဖြင့်ဆိုလျှင် လူကြီးများ (အင်တာဗျူးသူများ) သည်လည်း နှုတ်အား ဖြင့် မဟုတ်ဘဲ ဆက်သွယ် ပြောဆိုလေ့ ရှိသည်။ သင်၏ ခန္ဓာကိုယ် ညောင်းလာလျှင် (သို့) ကလေး၏ အဖြစ်အပျက်ထဲ၌ စိတ်ဝင်စားမှုနည်းလာလျှင် ထိုကလေးသည် သင်၏ နှုတ်အားဖြင့် မဟုတ်သည့် အပြုအမူအား အဆိုးမြင်လာလိမ့်မည်ဖြစ်ပြီး သူ (သို့) သူမ၏ ယုံကြည်မှုနှင့် စကား ပြောချင်စိတ်အား ထိခိုက်စေပါလိမ့်မည်။

9. Respect children’s opinions: Children have a right to express their opinions, beliefs and thoughts about what has happened to them as well as any decisions made on their behalf. Service providers are responsible for communicating to children that they have the right to share (or not to share) their thoughts and opinions. Empower the child so he/she is in control of what happens during communication exchanges. The child should be free to answer “I don’t know” or to stop speaking with a service provider if he/she is in distress. The child’s right to participation includes the right to choose not to participate.

၉။ကလေးများ၏ ထင်မြင်ချက်များအားလေးစားပါ - ကလေးများသည် ၎င်းတို့ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များ အပေါ်၌ ၎င်းတို့၏ထင်မြင်ချက်များ၊ ယုံကြည်ချက်များနှင့် အတွေးများအား ဖော်ထုတ်ပြောဆိုရန် အခွင့်အရေး ရှိပြီး ၎င်းတို့ကိုယ်တိုင် မည်သည့် ဆုံးဖြတ်ချက်များမဆို ချမှတ်ခွင့်ရှိသည်။ ကလေးများအား ၎င်းတို့၏ အတွေး နှင့် ထင်မြင်ချက်များကို မျှဝေချင်လျှင် မျှဝေရန် (သို့) မမျှဝေချင်လျှင် မမျှဝေရန် အခွင့်အရေး ရရှိစေရန်အတွက် Service providers များတွင် တာဝန်ရှိသည်။ ကလေးများအား ယုံကြည်မှုရှိစေရန် အားဖြည့်ပေးပါ။ သို့မှသာ ၎င်းတို့သည် ဆက်သွယ်ပြောဆိုမှုများ ပြုလုပ်နေစဉ်အတွင်း ဖြစ်ပျက်သည်များကို ထိန်းချုပ်နိုင်မည် ဖြစ်သည်။ ကလေးများသည် “ကျွန်တော်မသိဘူး” ဟူသည့် အဖြေအား လွတ်လပ်စွာဖြေဆိုခွင့်ရှိပြီး (သို့) ၎င်း စိတ်အနှောင့် အယှက် ဖြစ်လာလျှင် service provider အား စကားပြောနေသည်ကို လွတ်လပ်စွာ ရပ်ပိုင်ခွင့်ရှိသည်။ စကား ပြောဆိုရန် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ ကလေးသူငယ်များ အခွင့်အရေးတွင် ပူးပေါင်းမပါဝင်ရန် ရွေးချယ်ခွင့်လည်း ပါဝင်ပါသည်။

Participants work in pairs to think of example phrases that they could use in relation to each of the above points. After 10 minutes of working in pairs, facilitators ask for participants to volunteer to demonstrate their examples. Facilitators should encourage participants to also consider their non-verbal communication. (10 mins)
သင်တန်းသူ၊သားများသည် အထက်ပါ အချက်တချက်စီ နှင့် ပတ်သက်သ ည့် ဥပမာများကို စဉ်းစားရန်အတွက် ၂ ယောက် တစ်တွဲ အလုပ်လုပ်စေပါ။ ၁၀ မိနစ် အတူ နှစ်ယောက်တတွဲ လုပ်ဆောင်ပြီးနောက် ၎င်းတို့၏ ဥပမာများအား သရုပ်ပြရန် ဗော်လံတီယာ ပြု လုပ်လိုသူများအား မေးပါ။ သင်တန်းနည်းပြများသည် သင်တန်းသူ၊သားများအား နှုတ်အားဖြင့် မဟုတ်ဘဲ ပြောဆို ဆက်ဆံနည်းများကို စဉ်းစားစေရန် အားပေးပါ။ (၁၀ မိနစ်)

| **SUMMARY AND EVALUATION** | **(5 mins)** |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(၅ မိနစ်)** |

Review and summary – opportunity for questions and answers.
ပြန်လည်လေ့လာခြင်း နှင့် အနှစ်ချုပ် - မေးခွန်းမေးရန် နှင့် အဖြေဖြေရန် အခွင့်အရေးဖြစ်သည်။

# Handout 10.2.1: Child Protection
# ဝေငှစာရွက် (၁၀.၂.၁) - ကလေးသူငယ် ကာကွယ်ခြင်း

**What is child protection?**
**ကလေးသူငယ် ကာကွယ်ခြင်း ဆိုသည်မှာ အဘယ်နည်း။**

UNICEF defines child protection as:
UNICEF မှ ကလေးသူငယ်များ ကာကွယ်ခြင်းကို ဤကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုသည်။
Preventing and responding to violence, exploitation and abuse against children, including commercial sexual exploitation, trafficking, child labour, harmful traditions, such as female genital mutilation/ cutting and marriage.
လိင်အမြတ်ထုတ်ကုန်ကူးခြင်း၊ လူကုန်ကူးခြင်း၊ ကလေးလုပ်သား၊ အမျိုးသမီးလိင်အင်္ဂါအား ဖျက်ဆီးခြင်း/ဖြတ်တောက်ခြင်းကဲ့သို့ အန္တရာယ်ရှိစေခြင်း နှင့် လက်ထပ်ခြင်းတို့ ပါဝင်သည့် ကလေးသူငယ်များကိုအကြမ်းဖက်မှု၊ ကိုယ်ကျိုးရှာ အမြတ်ထုတ်မှု နှင့် နှိပ်စက်ခြင်းများအပေါ် တုန့်ပြန် ခြင်းနှင့် ကာကွယ်ခြင်း ဟူ၍ ဖြစ်သည်။

**Legal Framework ဥပဒေရေးရာ မူဘောင်**
Convention on the Rights of the Child (CRC):
ကလေးသူငယ် အခွင့်အရေး နှင့် ပတ်သက်၍ သဘောတူညီချက် (CRC):

- Includes the right to protection from all forms of sexual exploitation and abuse.
- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု နှင့် ညည်းပမ်းနှိပ်စက်မှု ပုံစံအားလုံးအား ကာကွယ်သည့် အခွင့်အရေး ပါဝင်သည်။
- Art.1 – applies to all persons under the age of 18.
- အပိုဒ် ၁ - အသက် ၁၈ နှစ်အောက် လူငယ်အားလုံးအပေါ် သက်ရောက်မှုရှိသည်။
- Art. 2 – applies without discrimination.
- အပိုဒ် ၂ - ခွဲခြားဆက်ဆံမှုမရှိဘဲ သက်ရောက်မှုရှိသည်။
- Art. 19 & 34 – State Parties have a duty to protect.
- အပိုဒ် ၁၉ နှင့် ၃၄ - နိုင်ငံတော်ပါတီများမှ ကာကွယ်ပေးရန် တာဝန်ရှိသည်။
- Two Optional Protocols: Involvement of Children in Armed Conflict (Myanmar has signed but not ratified); Sale of Children, Child Prostitution and Child Pornography (ratified by Myanmar in 2002).
- သံခင်း၊ သမန်ခင်းတွင် လိုက်နာအပ်သည့် လုပ်ထုံးလုပ်နည်း ၂ ခု - လက်နက်ကိုင် ပဋိပက္ခ၌ ကလေးငယ်များ ပါဝင်မှု (မြန်မာနိုင်ငံသည် လက်မှတ်ထိုးထားသော်လည်း အတည်ပြုထားခြင်းမရှိပါ။) ကလေးသူငယ်များအား ရောင်းစားခြင်း၊ ကလေးပြည့်တန်ဆာ နှင့် ကလေးသူငယ်များအား ကာမရာဂစိတ် ပြင်းထန်စေရန် ရေးသားမှုတွင် အသုံးပြုခြင်း။ (မြန်မာနိုင်ငံသည် ၂၀၀၂ ခုနှစ်၌ အတည်ပြု လက်မှတ်ရေးထိုးခဲ့သည်။)

1993 Child Law
၁၉၉၃ ကလေးသူငယ် ဥပဒေ

- Ongoing legislative review.
- ဆက်လက်လုပ်ဆောင်နေသည့် ဥပဒေအတည်ပြုမှု လေ့လာချက်။

**Some Facts: အချက်အလက် အချို့**

- Worldwide, around 15 million adolescent girls (aged 15-19) have experienced forced sex in their lifetime.
- ကမ္ဘာတဝန်းရှိ အသက် ၁၅ - ၁၉ ကြားရှိ အရွယ်ရောက်စမိန်းကလေးငယ် ၁၅ သန်းနီးပါးသည် ၎င်းတို့၏ဘဝတစ်သက်တာ၌ အတင်းအဓမ္မ လိင်ဆက်ဆံခြင်း ခံခဲ့ရသည်။
- In ¾ of countries with data, at least 1 in 5 adolescent girls have experienced recent intimate partner violence.
- ဒေတာများအရ ကမ္ဘာ့နိုင်ငံ ၄ ပုံ ၃ ပုံရှိ အရွယ်ရောက်စ မိန်းကလေးငယ် ၅ ပုံ ၁ ပုံသည် ရင်းနှီးကာစ ပါတနာ၏ အကြမ်းဖက်ခြင်းကို ခံခဲ့ကြရသည်။
- At least 200 million girls and women alive today living in 30 countries have undergone FGM.
- နိုင်ငံပေါင်း ၃၀ ၌ ယနေ့ အသက်ရှင်သန်နေကြသည့် မိန်းကလေးငယ်များ နှင့် အမျိုးသမီးများ အနည်းဆုံး သန်း ၂၀၀ သည် FGM ကို ကြုံခဲ့ကြရသည်။

# Module 10.3: Advocacy and the Way Forward
# အစီအစဉ် (၁၀.၃) - အဆိုပြုတင်သွင်းခြင်းနှင့် ရှေ့ဆက်ရန်လုပ်ငန်းစဉ်များ

**Purpose of Session:** To consolidate the knowledge and skills developed in the workshop and to develop strategies for advocacy and engagement.

**အစီအစဉ်၏ ရည်ရွယ်ချက်** - သင်တန်းတက်ရောက်နေစဉ် တိုးတက်ခဲ့သော အသိပညာဗဟုသုတ နှင့် ကျွမ်းကျင်မှုများကို စုစည်းရန်၊ နှင့် အဆိုပြုတင်သွင်းခြင်း နှင့် ချိတ်ဆက်လုပ်ဆောင်မှုများ အတွက် မဟာဗျူဟာများ လုပ်ဆောင်ဖန်တီးရန် ရည်ရွယ်သည်။

**Outcomes, Skills and Methodologies**

**ရလဒ်များ၊ ကျွမ်းကျင်မှုများ နှင့် သင်ကြားရေး နည်းစနစ်များ**

| **Outcomes:** | **ရလဒ်များ** |
|---|---|
| As a result of this session participants will be able to:<br>• Develop an evidence-based advocacy strategy.<br>• Use case studies as a tool for advocacy.<br>• Link case management and documentation to the development of an effective advocacy strategy. | ဤအစီအစဉ်၏ ရလဒ်အဖြစ် သင်တန်းသူ၊ သားများသည် အောက်ပါတို့ကို လုပ်ဆောင်လာနိုင်မည်။<br>• သက်သေအထောက်အထားအခြေပြု အဆိုပြုတင်သွင်းခြင်းဆိုင်ရာ မဟာဗျူဟာများကို ဖန်တီးလာနိုင်မည်။<br>• ဖြစ်ရပ်လေ့လာခြင်းများကို အဆိုပြု တင်သွင်းခြင်း၏ ကိရိယာတန်ဆာတစ်ခုအနေဖြင့် အသုံးပြုတတ်လာမည်<br>• အမှုစီမံခန့်ခွဲခြင်း နှင့် မှတ်တမ်းတင်ခြင်း များကို ထိရောက်သော အဆိုပြုတင်သွင်းခြင်းဆိုင်ရာ မဟာဗျူဟာတစ်ခု၏ တိုးတက်မှုနှင့် ချိတ်ဆက်တတ်လာမည်။ |

| **Skills:** | **ကျွမ်းကျင်မှုများ** |
|---|---|
| In this session participants will practice the following skills:<br>• Critical thinking<br>• Communication<br>• Discussion<br>• Planning | ဤအစီအစဉ်တွင် သင်တန်းသူ၊ သားများသည် အောက်ပါ ကျွမ်းကျင်မှုများကို လေ့ကျင့်ကြရမည်။<br>• ဝေဖန်ဆန်းစစ်တွေးတောခြင်း<br>• ဆက်သွယ်ပြောဆိုခြင်း<br>• ဆွေးနွေးခြင်း<br>• စီစဉ်ခြင်း |

| **Methodologies:** | **သင်ကြားရေးနည်းစနစ်များ** |
|---|---|
| In this session participants will practice the following training methodologies:<br>• Group discussion<br>• Information sharing | ဤအစီအစဉ် သင်တန်းသူ၊ သားများသည် အောက်ပါ သင်တန်းဆိုင်ရာ သင်ကြားရေး နည်းစနစ်များကို လေ့ကျင့်ကြရမည်။<br>• အဖွဲ့လိုက်ဆွေးနွေးခြင်း<br>• သတင်းအချက်အလက် ဝေမျှခြင်း |

**Rule of Law Principles**

**တရားဥပဒေစိုးမိုးရေး စည်းမျဉ်းများ**

| | |
|---|---|
| The following rule of law principles are relevant to this session:<br>• Access to justice | ဤအစီအစဉ်တွင် အောက်ဖော်ပြပါ တရားဥပဒေ စိုးမိုးရေးမှုများနှင့် ဆက်စပ်သည်။<br>• တရားမျှတမှုရရှိစေခြင်း |

| | |
|---|---|
| • Equality<br>• Participation in decision making | • တန်းတူညီမျှခြင်း<br>• ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်ခြင်း |

**Preparation**
**ပြင်ဆင်ပုံ**

| **Materials:** | **သင်ထောက်ကူပစ္စည်းများ၊** |
|---|---|
| For this session you will need:<br>• Flipcharts, whiteboard, markers | ဤအစီအစဉ်အတွက် အောက်ပါအရာများကို လိုအပ်မည်<br>• စာရွက်ဖြူကြီးများ၊ ဝိုက်ဘုတ်၊ မာကာပင်များ |

| **Handouts:** | **ဝေငှစာရွက်များ** |
|---|---|
| In this session, participants will use:<br>• Handout 10.3.1: Case Study Example | ဤအစီအစဉ်တွင် သင်တန်းသူ၊ သားများသည် အောက်ပါ ဝေငှစာရွက်များကို အသုံးပြုရမည်။<br>• ဝေငှစာရွက် ၁၀.၃.၁ - အမှုဖြစ်ရပ်လေ့လာခြင်း ဥပမာ |

| OPEN SESSION | (2 mins) |
|---|---|
| **အဖွင့်အစီအစဉ်** | **(၂ မိနစ်)** |

Share session's purpose and relevant background. Write outcomes on flipchart paper and explain them. Discuss announcements and other concerns. Remind participants that case management and documentation are important foundations for advocacy.
ဤအစီအစဉ်၏ ရည်ရွယ်ချက်နှင့် သင့်လျော်သော နောက်ခံအကြောင်းအရာကို မျှဝေပါ။ အစီအစဉ်၏ရလဒ်များကို စာရွက်ဖြူကြီးပေါ်တွင်ရေးပါ။ ပြီးလျှင် ထိုအရာများကို ရှင်းပြပေးပါ။ အခြား ကြေညာစရာများ နှင့် ဆွေးနွေးစရာ ကိစ္စများကို ဆွေးနွေးပါ။ သင်တန်းသူ၊ သားများအား အမှုစီမံခန့်ခွဲခြင်းနှင့် မှတ်တမ်းတင်ခြင်းသည် ဥပဒေရေးရာ အရေးဆိုတင်ပြခြင်းအတွက် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်သည်ကို သတိပေးပါ။

| REVIEW | (8 mins) |
|---|---|
| **ပြန်လည်သုံးသပ်ခြင်း** | **(၈ မိနစ်)** |

Ask participants what they recall from the previous session on advocacy.
ယခင် ဥပဒေရေးရာအဆိုဆိုတင်ပြခြင်း အစီအစဉ်မှ မည်သည့်အကြောင်းအရာများကို မှတ်မိသလဲဟု သင်တန်းသူ၊ သားများအား မေးပါ။

Ask participants:
သင်တန်းသူ၊ သားများအား မေးပါ -
- What is advocacy?
- ဥပဒေဆိုင်ရာ အဆိုပြုတင်သွင်းခြင်း ဆိုတာဘာလဲ။
- How can we tell if advocacy is working?
- **ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အလုပ်ဖြစ်၊မဖြစ်ဆိုသည်ကို မည်သို့ ပြောနိုင်မည်နည်း။**
- How can an organization start to develop an effective advocacy strategy?
- အဖွဲ့အစည်းတစ်ခုအနေဖြင့် ထိရောက်သော ဥပဒေရေးရာအရေးဆိုတင်ပြခြင်း မဟာဗျူဟာတစ်ခုကို မည်သို့စတင် လုပ်ဆောင်နိုင်သနည်း။

**Notes to facilitators**
**သင်တန်းနည်းပြမှတ်စု**
Remind participants of the handouts from the previous workshop.
သင်တန်းသူ၊ သားများအား အရင်သင်တန်းမှ ဝေငှစာရွက်များကို ပြန်လည်သတိရစေပါ။

**Advocacy is**
**ဥပဒေရေးရာ အရေးဆိုတင်ပြမှု ဆိုသည်မှာ**

- A deliberate process.
- စဉ်းစားချင့်ချိန်၍ လုပ်ရသော လုပ်ငန်းစဉ်
- Based on demonstrated evidence.
- ထင်ထင်ရှားရှားပြသနိုင်သည့် သက်သေအပေါ် အခြေခံထားသည့်
- Aims to directly and indirectly influence decision makers, stakeholders and relevant audiences to support and implement actions.
- ဆုံးဖြတ်ချက်ချမှတ်သူများ၊ ပါဝင်ပတ်သက်သူများနှင့် သင့်လျော်သည့်ပရိတ်သတ်များ (လူအစုအဝေးများ) အား တိုက်ရိုက်ရော သွယ်ဝိုက်၍ပါ ဩဇာသက်ရောက်စေရန် နှင့် လှုပ်ရှားမှုများကို ထောက်ပံ့အကောင်အထည်ဖော်ရန်
- Is used to achieve an identified goal.
- ထိုလှုပ်ရှားမှုများသည် ဖော်ထုတ်ချမှတ်ထားသော ရည်မှန်းချက်အား အောင်မြင်စေသော လှုပ်ရှားမှုများဖြစ်သည်။

**How can we tell if it is working?**
**ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း အလုပ်ဖြစ်၊မဖြစ်ဆိုသည်ကို မည်သို့ ပြောနိုင်မည်နည်း။**
An advocacy strategy can be thought of as a road map. It is easy to tell if the goal has been reached, but it is also important to check your progress along the way. This will allow you to make corrections and not to waste resources (time and money) on things that are not working. For each activity, it is important to have indicators to check progress. Regular de-briefing can also be helpful. We should ask what worked well, what did not work, how could we make it better, what lessons did we learn, what messages did we make clear, and how did our audience react?
ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း နည်းဗျူဟာတစ်ခုကို လမ်းပြမြေပုံတစ်ခုအနေဖြင့် ယူဆတွေးတောနိုင်သည်။ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလျှင်တော့ ပြောရတာလွယ်ပါသည်။ သို့သော် ထိုရည်မှန်းချက် ရရှိအောင်မြင်စေရန် လုပ်ဆောင်ခဲ့ရသော လမ်းတလျှောက်ရှိ တိုးတက်မှုများကို စစ်ဆေးရန်လည်း အရေးကြီးပါသည်။ ထိုသို့ စစ်ဆေးခြင်းသည် သင့်အား အမှန်ပြင်ဆင်ခြင်းများ ပြုလုပ်ရန်နှင့် အရင်းအမြစ်များဖြစ်သော အချိန်နှင့် ငွေကို အလုပ်မဖြစ်သည့် ကိစ္စရပ်များ အပေါ် မဖြုန်းတီးမိစေရန် လုပ်ဆောင်ပေးပါသည်။ လှုပ်ရှားမှုတခုစီအတွက် တိုးတက်လာမှုကို စစ်ဆေးရန်အတွက် စစ်ဆေးညွှန်ပြပေးသော ဆရာတယောက် လိုအပ်ပါသည်။ အမြဲပုံမှန် သုံးသပ်မှုသည်လည်း အသုံးဝင်ပါသည်။ ဘယ်အရာသည် ကောင်းမွန်စွာ အလုပ်ဖြစ်ခဲ့သလဲ၊ ဘယ်အရာတွေက အလုပ်မဖြစ်ခဲ့ဖူးလဲ၊ ပိုမိုကောင်းမွန်အောင် ဘယ်လိုလုပ်နိုင်မလဲ၊ ဘယ်သင်ခန်းစာတွေ ကျွန်တော်တို့ လေ့လာရရှိခဲ့ သလဲ၊ ဘယ်သတင်းမှာကြားချက်တွေကို ရှင်းရှင်းလင်းလင်း ပေးခဲ့သလဲ၊ ကျွန်တော်တို့ရဲ့ ပရိတ်သတ်တွေကရော ဘယ်တုံ့ပြန်သလဲ စသည့် မေးခွန်းများကို မေးသင့်ပါသည်။

**How do we begin?**
**ကျွန်တော်တို့ မည်သည်နေရာမှ စတင်ကြမည်နည်း။**
What is the first step we should take? This involves creating an action plan. An action plan contains a list of the activities that will be taken, who is responsible for the action, the timing of the activity, and the resources needed. An action plan should have a clear set of results with short and long-term outcomes.

| |
|---|
| Advocacy goals and outcomes should be SMART (specific, measurable, achievable, realistic, and time bound).<br>ကျွန်တော်တို့ စတင်လုပ်ဆောင်မည့် ပထမအဆင့်က ဘာဖြစ်မည်နည်း။ ပထမအဆင့်တွင် လုပ်ဆောင်ရမည့် အစီအစဉ်တခု (action plan) ဖန်တီးခြင်း ပါဝင်သည်။ လုပ်ဆောင်ရမည့် အစီအစဉ်တစ်ခု၌ လုပ်ဆောင်မည့် လှုပ်ရှားမှုစာရင်းတစ်ခု၊ ထိုလှုပ်ရှားမှုကို ဖော်ဆောင်ရန် တာဝန်ရှိသောလူများ၊ လှုပ်ရှားမှုအတွက် ကြာချိန်နှင့် လိုအပ်သော အရင်းအမြစ်များ ပါဝင်ပါသည်။ လုပ်ဆောင်ရမည့် အစီအစဉ်တစ်ခုသည် ရေတိုနှင့် ရေရှည်အတွက် ချမှတ်ထားသော ရလဒ်များ ရှင်းရှင်းလင်းလင်း ချမှတ်ထားရန် လိုအပ်ပါသည်။ ဥပဒေရေးရာ အရေးဆိုတင်ပြမှုအတွက် ရည်မှန်းချက်များနှင့် ရလဒ်များသည် SMART (တိကျမှု၊ တိုင်းတာနိုင်မှု၊ အောင်မြင်နိုင်မှု၊ လက်တွေ့ကျခြင်း နှင့် အချိန်) နှင့် ကိုက်ညီရမည်။<br><br>(Advocacy Toolkit: A Guide to Influencing Decisions that Improve Children's Lives. United Nations Children's Fund, New York, 2010 at 3) |

| ACTIVITY 1: USING INFORMATION | (30 mins) |
|---|---|
| **လှုပ်ရှားမှု ၁ - သတင်းအချက်အလက်များအသုံးပြုခြင်း** | **(၃၀ မိနစ်)** |
| **Purpose of Activity:** To build on the skills and knowledge that participants developed in the previous workshop ('Introduction to Advocacy') and to identify the types of information that can be used in advocacy activities.<br>**အစီအစဉ်၏ရည်ရွယ်ချက် -** ယခင်အစီအစဉ် (ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း မိတ်ဆက်) တွင် သင်တန်းသူ၊ သားများ တိုးတက်ခဲ့သော ကျွမ်းကျင်မှုများနှင့် အသိပညာဗဟုသုတများကို တိုးမြှင့်စေရန်နှင့် ဥပဒေရေးရာအရေးဆိုတင်ပြခြင်း လှုပ်ရှားမှုများတွင် အသုံးပြုနိုင်သော သတင်းအချက်အလက်အမျိုးအစားများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။<br><br>**Methodology:** Discussion, group work, presentations<br>**သင်ကြားရေးနည်းစနစ် -** ဆွေးနွေးခြင်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်း၊ တင်ပြခြင်း<br><br>**Materials:** Flipchart paper, markers<br>**သင်ထောက်ကူပစ္စည်းများ -** စာရွက်ဖြူကြီးများ၊ မာကာပင်များ<br><br>**Handout(s):** Handouts from previous session 7.2, and case management handout (9.1.1)<br>**ဝေငှစာရွက်** - ယခင်အစီအစဉ် ၇.၂ မှ ဝေငှစာရွက်များ နှင့် အမှုစီမံခန့်ခွဲခြင်း ဝေငှစာရွက် ၉ .၁.၁ | |

**Instructions**
**ညွှန်ကြားချက်များ**

- Inform participants that this activity will focus on how information (documentation) can be used to support an organization's advocacy strategy.
- ဤအစီအစဉ်တွင် သတင်းအချက်အလက်များ (မှတ်တမ်းတင်ခြင်း) များအား အဖွဲ့အစည်း၏ ဥပဒေရေးရာ အဆိုတင်ပြခြင်းဆိုင်ရာမဟာဗျူဟာကို အထောက်အပံ့ဖြစ်စေရန် မည်သို့အသုံးပြုကြမည်ကို အလေးထားဆွေးနွေးသွားကြမည် ဖြစ်ကြောင်း သင်တန်းသူ၊ သားများကို အသိပေးပါ။
- Instruct participants to refresh their memories on the objectives of advocacy (handouts from session 7.2) and on the different stages of the case management process (9.1.1). Give participants time to review these materials and ask any questions. (5 mins)
- သင်တန်းသူ၊သားများအား ဥပဒေရေးရာအရေးဆိုတင်ပြခြင်း၏ ရည်ရွယ်ချက်များ (အစီအစဉ် ၇.၂ မှ ဝေငှစာ ရွက်များ)နှင့် အမှုစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်မှ မတူသောအဆင့်များ (၉ .၁.၁) ကို ပြန်လည် သတိရစေရန် လမ်းညွှန်ပါ။ သင်တန်းသူ၊ သားများအား ထိုသင်ထောက်ကူပစ္စည်းများအား ပြန်လည်သုံးသပ်ရန်နှင့် မေးခွန်းများမေးလိုပါက မေးရန် အချိန်ပေးပါ။ (၅ မိနစ်)

- Divide participants into four groups. Using the case management process chart, participants identify WHAT information they will gather (statements from clients and witnesses, feedback from clients, information about how cases are resolved etc.) and HOW they can use this information to support advocacy activities.
- သင်တန်းသူ၊ သားများအား အဖွဲ့ (၄) ဖွဲ့ ခွဲပါ။ အမှုစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ် ပုံစံကားချပ်အားအသုံးပြုပြီး သင်တန်းသူ၊ သားများက မည်သည့်သတင်းအချက်အလက်များကို (အမှုသည်နှင့် သက်သေထံမှထွက်ဆိုချက်များ၊ အမှုသည်ထံမှတုံ့ပြန်ချက်၊ အမှုများကို ဖြေရှင်းမည့်နည်းလမ်း သတင်းအချက်အလက် စသဖြင့်) စုဆောင်းရမည် ဆိုသည်ကို ဖော်ထုတ်ကြမည်။ ထိုနောက် အဆိုပါသတင်းအချက်အလက်များကို ဥပဒေရေးရာအဆိုပြုခြင်းလှုပ်ရှားမှုများတွင် အထောက်အပံ့ဖြစ်စေရန် မည်သို့ အသုံးပြုကြမည့် အကြောင်း ဖော်ထုတ်ကြမည်။
- Participants should consider information gathered about individual cases, but also aggregated data (how many cases have you dealt with, how many cases resulted in prosecution/convictions etc.). How will you use the data? What specific advocacy objectives does it relate to?
- သင်တန်းသူ၊ သားများအနေဖြင့် သတင်းအချက်အလက်များကို စုဆောင်းရာတွင် တစ်ဦးစီ၏အမှုကိစများကိုသာ ထည့်သွင်းစဉ်းစားသင့်သည်။ သို့သော်လည်း စုစုပေါင်းဒေတာအချက်အလက်များကိုပါ ထည့်သွင်းသည့်သည် (အမှုကိစ္စဘယ်လောက်ကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီးပြီလဲ/အမှုကိစ္စဘယ်လောက်က တရားစွဲဆိုခြင်းရလဒ်ကိုရခဲ့ပါသလဲ/ပြစ်ဒဏ်ချမှတ်ခံရသလဲ စသဖြင့် )။ ဒေတာအချက်အလက်များကို မည်သို့အသုံးပြုမည်နည်း။ အထူးသဖြင့် မည်သည့် အဆိုပြုတင်သွင်းခြင်း ရည်မှန်းချက်က ဆက်စပ်မှုရှိပါသလဲ။
- Each group will have 2-3 minutes to share their ideas with the group.
- တစ်ဖွဲ့စီသည် ၎င်းတို့၏ စိတ်ကူးစိတ်သန်းအကြံဉာဏ်များကို ဝေမျှရန် (၂-၃) မိနစ်အချိန်ရမည်။

| **ACTIVITY 2: USING CASE STUDIES** | **(45 mins)** |
| --- | --- |
| **လှုပ်ရှားမှု ၂ - အမှုဖြစ်ရပ်လေ့လာခြင်းများအား အသုံးပြုခြင်း** | **(၄၅ မိနစ်)** |
| **Purpose of Activity:** To explore how case studies can be an effective advocacy tool and to practice key skills in developing them.<br>**လှုပ်ရှားမှု၏ရည်ရွယ်ချက်** - အမှုဖြစ်ရပ်လေ့လာခြင်းများကို ထိရောက်သော ဥပဒေရေးရာအဆိုပြုတင်ပြခြင်း ကိရိယာတစ်ခုအနေဖြင့် မည်သို့လုပ်ဆောင်နိုင်ကြောင်းကို လေ့လာဖော်ထုတ်ရန် နှင့် အဆိုပါကိစ္စရပ်များကို လုပ်ဆောင်ရန် အဓိက ကျွမ်းကျင်မှုများကို လေ့ကျင့်ကြရန် ရည်ရွယ်သည်။<br><br>**Methodology:** Group work, presentations, feedback<br>**သင်ကြားရေးနည်းစနစ်များ -** အဖွဲ့လိုက်လုပ်ဆောင်ခြင်း၊ တင်ပြခြင်း၊ တုံ့ပြန်ချက်များ<br><br>**Materials:** Flipcharts, markers<br>**သင်ထောက်ကူပစ္စည်းများ** - စာရွက်ဖြူကြီးများ၊ မာကာပင်များ<br><br>**Handout(s):** Handout 10.3.1 Case Study Example<br>**ဝေငှစာရွက်** - ဝေငှစာရွက် ၁၀.၃.၁ အမှုဖြစ်ရပ်လေ့လာခြင်း ဥပမာ | |

**Instructions**

**ညွှန်ကြားချက်များ**

- Ask participants to explain: What is a case study? How and why are they used? Have you used them? Can you recall a good example of a case study? Why did you find it effective?
- သင်တန်းသူသားများအား ရှင်းပြစေပါ - အမှုဖြစ်ရပ်အားလေ့လာခြင်း ဆိုတာဘာလဲ။ မည်သို့နှင့် အဘယ်ကြောင့် အသုံးပြုသလဲ။ အသုံးပြုဖူးပါသလား။ အမှုဖြစ်ရပ်လေ့လာခြင်းဆိုင်ရာ ဥပမာကောင်းတစ်ခု လောက်ကို သတိရပါသလား။ အဘယ်ကြောင့် ထိရောက်သည်ဟု ထင်ပါသလဲ။

- Provide participants with Handout 10.3.1 Case Study Example and allow them time to read it. Next show participants this short photo easy of a SGBV survivors story (https://vimeo.com/212752941 ).
- သင်တန်းသူ၊ သားများအား ဝေငှစာရွက် ၁၀.၃.၁ အမှုကိစ္စလေ့လာခြင်း ဥပမာအားပေးပါ။ ဖတ်ရှုလေ့လာရန် အချိန်ပေးပါ။ ထိုနောက် သင်တန်းသူ၊သားများအား SGBV ရှင်သန်လွတ်မြောက်သူတစ်ဦး၏အကြောင်း ဓာတ်ပုံအက်ဆေးတို တစ်ခုအားပြပါ။ (https://vimeo.com/212752941 )
- Ask participants to review both case study examples and consider their effectiveness, their audience, their purpose.
- သင်တန်းသူ၊သားများအား အမှုဖြစ်ရပ်လေ့လာခြင်း ဥပမာ (၂) ခုလုံးအား လေ့လာဆန်းစစ်ရန်နှင့် သူတို့၏ ထိရောက်မှု၊ သူတို့၏ပရိသတ် နှင့် သူတို့၏ ရည်ရွယ်ချက်ကို စဉ်စားရန် ပြောပါ။

**Notes to facilitators**

**သင်တန်းနည်းပြမှတ်စု**

There are different types of case study

ကွဲပြားသော အမှုဖြစ်ရပ်လေ့လာခြင်း အမျိုးအစားများ ရှိပါသည်။

- A story about an individual, organization, community, event, project
- တစ်ဦးတစ်ယောက်ချင်းစီ၏ ဖြစ်ရပ်များအကြောင်း၊ အဖွဲ့အစည်း၏ဖြစ်ရပ်များအကြောင်း၊ လူမှုအသိုင်းအဝိုင်း တစ်ခု၏ ဖြစ်ရပ်အကြောင်း၊ အဖြစ်အပျက်တစ်ခုအကြောင်း နှင့် စီမံချက်တစ်ခု၏ဖြစ်ရပ်အကြောင်း
- A detailed study of an issue
- ပြဿနာတစ်ခု၊ဆွေးနွေးရန်အကြောင်းအရာတစ်ခုအား အသေးစိတ်လေ့လာချက်
- A focused research method that combines quantitative and qualitative data focused on one or more cases
- အရည်အတွက် အချက်အလက်အခြေပြု အမှုကိစ္စတစ်ခု သို့မဟုတ် အမှုကိစ္စများကို ဦးတည်ထားသည့် အရည်အတွက်အချက်အလက်အခြေပြုဒေတာ နှင့် အရည်အသွေးအချက်အလက်အခြေပြုဒေတာကို ပေါင်းစပ်ထားသော ဦးတည်သုတေသနပြုသောနည်းလမ်း

What do case studies have in common? They tell a story. The aim of case studies is to raise awareness of an issue. You might use a case study to shock people, to inspire people, or to correct a common misconception.

အမှုဖြစ်ရပ်လေ့လာခြင်းများတွင် တူညီချက်ဘာရှိသလဲ။ သူတို့က ဖြစ်ရပ်ဇာတ်လမ်းကို ပြောပြကြသည်။ ဖြစ်ရပ်လေ့လာခြင်း၏ရည်ရွယ်ချက်က ပြဿနာတစ်ခုနှင့်ပတ်သက်ပြီး သတိမူမိရန် အသိများကိုမြှင့်တင်ပေးခြင်း ဖြစ်သည်။ လူအများအား အံ့ဩတုန်လှုပ်စေရန်၊ နိုးကြွလာစေရန် သို့မဟုတ် အများနှင့်ဆိုင်သော၊ ဖြစ်နေကျဖြစ်သော နားလည်မှုလွဲခြင်းများကို ပြုပြင်ရန် ဖြစ်ရပ်လေ့လာခြင်း ကို သင်တို့ အသုံးပြုကြပါလိမ့်မည်။

For this activity, we will focus on the FIRST type of case study.

ဤလှုပ်ရှားမှုအတွက် ကျွန်ုပ်တို့က ဖြစ်ရပ်လေ့လာခြင်း ပထမအမျိုးအစားကို အလေးထားသွားမည်။

In this activity, participants work in four groups. Each group will work to develop an advocacy strategy using the case study of Thuzar Ei as an example (or they may choose examples from their own work). Groups should consider what is required for different target audiences, considering the following questions:

ဤလှုပ်ရှားမှုမှာ သင်တန်းသူ၊သားများက အဖွဲ့ (၄) ဖွဲ့ ဖြင့် လုပ်ဆောင်ရမည်။ တစ်ဖွဲ့စီမှ သူဇာအိ၏ဖြစ်ရပ်အားလေ့လာခြင်းကို အသုံးပြုပြီး ဥပဒေရေးရာ အရေးဆိုတင်ပြခြင်း မဟာဗျူဟာတစ်ခုစီကို လုပ်ဆောင်ဖန်တီးရမည် (၎င်းတို့၏လုပ်ငန်းခွင်မှ ဥပမာများကိုလည်းအသုံးပြုနိုင်သည်)။ အဖွဲ့များအနေဖြင့် မတူညီသော ဦးတည်ပရိသတ်အတွက် မည်သည့်အရာများ လိုအပ်နိုင်သည်ကို အောက်ပါအချက်များအပေါ်မူတည်၍ ထည့်သွင်းစဉ်းစားရမည်။

- How can you engage with the target audience?
- သင်အနေဖြင့် ဦးတည်ပရိသတ်များနှင့် မည်သို့ချိတ်ဆက်မည်နည်း။
- What are the likely challenges?
- ဖြစ်နိုင်သည့် စိန်ခေါ်ချက်များက ဘာလဲ။
- What outcome(s) have you identified?
- မည်သည့် ရလဒ် ( များ) ကို ဖော်ထုတ်ထားသလဲ။
- What means of communication will you use (e.g. report, video, theatre etc).
- ဘယ်လို ဆက်သွယ်ရေး နည်းစနစ်တွေကို အသုံးပြုမလဲ။ (ဥပမာ = အစီရင်ခံစာ၊ ဗီဒီယို၊ ပြဇာတ် စသည်)
- What specific activities are required?
- မည်သည့် တိကျသော လှုပ်ရှားမှုများ လိုအပ်ပါသလဲ။
- What are the risks? (How can you mitigate risks?)
- ဘယ်လို အန္တရာယ်တွေရှိနိုင်လဲ။ ( အန္တရာယ်တွေကို ဘယ်လိုလျှော့ချမလဲ)

Groups are as follows:
အဖွဲ့များကို အောက်ပါအတိုင်းဖွဲ့ပါ။

1. A public awareness campaign

(၁) လူထု အသိပညာပေးကမ်ပိန်းတစ်ခု

2. An online campaign

(၂) အွန်လိုင်းကမ်ပိန်းတစ်ခု

3. Engagement with government and policy makers

(၃) အစိုးရအဖွဲ့အစည်း နှင့် မူဝါဒရေးဆွဲသူများ နှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း

4. Engaging with the police

(၄) ရဲအရာရှိများ နှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း

Groups have 25 minutes to develop their case study and to nominate a spokesperson(s) to present it.
အမှုဖြစ်ရပ်လေ့လာခြင်း ကိုလုပ်ဆောင်ရန် နှင့် တင်ပြမည့် ကိုယ်စားလှယ်ရွေးချယ်ရန် (၂၅) မိနစ် အချိန်ရမည်။
Each group has 5 minutes to present their case study.
တစ်ဖွဲ့လျှင် တင်ပြချိန် (၅) မိနစ်ရမည်။

| SUMMARY AND EVALUATION | (5 mins) |
|---|---|
| **အကျဉ်းချုပ်ခြင်းနှင့် သုံးသပ်ရန်** | **(၅ မိနစ်)** |

Ask participants how the case studies made them feel. Were they effective? Why? How would you disseminate case studies (encourage participants to think about innovative ways, so as well as including in reports and factsheets, they might think about community theatre, film, radio, animation etc.)?
သင်တန်းသူ၊သားများအား ဖြစ်ရပ်လေ့လာခြင်းက ၎င်းတို့အားမည်သို့ခံစားရစေသလဲမေးပါ။ သူတို့ကထိရောက်မှု ရှိပါသလား၊ ဘာကြောင့်လဲ၊ ဖြစ်ရပ်လေ့လာခြင်းကို မည်သို့ဖြန့်ဝေမလဲ (သင်တန်းသူသားများအား ဆန်းသစ်သည့်နည်းလမ်းများ စဉ်းစားရန်တိုက်တွန်းပါ၊ အစီရင်ခံစာများနှင့် အကြောင်းအရာအချက်အလက်အချုပ်များ အပါအဝင် သင်တန်းသူ၊ သားများက လူထုပြဇာတ်၊ ရုပ်ရှင်၊ ရေဒီယို နှင့် ကာတွန်းရုပ်ရှင် စသည်တို့ကို တွေးတောကြပါလိမ့်မည်)။

# Handout 10.3.1: Case Study Example
# ဝေငှစာရွက် (၁၀.၃.၁) - အမှုဖြစ်ရပ်လေ့လာခြင်း ဥပမာ



**Shwe Sin Myint is proud to have an income of her own**

A self-help group, a grant and gender awareness. Those were the components that changed Shwe Sin Myint's and her family's life. Now she is running her own business and instead of telling her to take care of the home and not to waste time on working – her husband is helping out with the household chores.

1/16/2018
"When I wanted to contribute to the family's economy by working, my husband used to tell me not to worry. 'Don't you worry, I take care of that. You take care of the household' he used to say. Now he is helping me with whatever is needed in the business or at home, ironing, cooking and washing", says Shwe Sin Myint.

**Lives in a poor area**

Shwe Sin Myint is 28 years, and ever since she was a teenager she wanted to sew. Now she is married and has three children. When she got married her mother bought her a sewing machine, but since Shwe Sin Myint lacked training she could only make simpler clothes for her family, such as sarongs and loose-fit trousers. Shwe Sin Myint lives in a small village, consisting of about 60 households. The family used to live on the crops from their small rice field and from the husbands earnings as a motorcycle taxi driver.

**Save money together**

But five years ago Shwe Sin Myint had the possibility to join a self-help group, organised by Diakonia's partner organisation World Concern Myanmar, WCM. The idea is that the group grow a fund by saving money together. The target is to save at least 500 kyat (around 0,35 dollar) each per week. The fund is

used for the group member's needs, such as education, health or something urgent. The interest for the loan is only one percent, compared to the five percent the women would have to pay in other places. But WCM has also provided many trainings for the group, such as on how to do a business plan, bookkeeping and vocational training. Shwe Sin Myint has received a one-month sewing training in the nearest town Putao. She has also received a grant from WCM to buy a sewing machine and in only four months she earned about 200 USD on her new business.

**No longer needs to rely on the husband**

"As I have my own income, I no longer need to rely on my husband. And I do not need to worry about the money I am supposed to save. Before, I had to struggle to be able to save even 500 kyats per week. Now I can put aside 1000 kyats or 2000 kyats per week. Integrated with the self-help groups, WCM has also worked to raise the gender awareness in the area. Both men and women have been invited to those meetings. Shwe Sin Myint's husband started to change his behaviour after attending the meetings.

**The husband has changed**

"I used to live with in constant anxiety. My husband used to drink and smoke and was often aggressive. He also rode long stretches with passengers on his taxi motorbike even though he had been drinking. All that has stopped now." Shwe Sin Myint says her husband realised that drinking and smoking was a waste of money. Instead of drinking and bullying the family he now puts his energy in work. "We are a happy family now. Since I have an income my husband no longer have to drive the motor cycle taxi during the rainy season. I was always worried something would happen to him, due to the risk for landslides. And I feel proud that my work contributes to our living", says Shwe Sin Myint.

၁၆.၁.၂၀၁၈

သူမကိုယ်တိုင် ဝင်ငွေရှာနိုင်လာခြင်းကြောင့် ဂုဏ်ယူစရာတစ်ရပ်ဖြစ်လာပါတယ်။

**ကိုယ့်အားကိုယ်ကိုး အဖွဲ့တဖွဲ့ ထောက်ပံ့ကြေးပေးခြင်းနှင့် ကျားမရေးရာ အသိပညာများ။ အဆိုပါအကြောင်းအရာများသည် မဆွေဇင်မြင့်နှင့် သူမ၏မိသားစုဘဝကို ပြောင်းလဲသွားစေခဲ့ပါတယ်။ အခုမှာတော့ သူမတစ်ယောက်ဟာ သူမရဲ့အိမ်အလုပ်တွေလုပ်ပြီး အချိန်ကုန်နေမယ့်အစား သူမရဲ့ကိုယ်ပိုင်စီးပွားရေးတစ်ခုကို လုပ်ကိုင်နေပါပြီ။ သူမရဲ့အမျိုးသားကတော့ အိမ်အလုပ်တွေကို ဝိုင်းကူပေးနေပါတယ်။**

"ကျွန်မအလုပ်လုပ်ပြီး အိမ်ရဲ့စီးပွားရေးကို တဖက်တလမ်းကနေ ကူပေးမယ်ပြောတော့" ကျွန်မယောကျာ်းက "ကျွန်မကို စိတ်မပူပါနဲ့။ ငါလုပ်နိုင်ပါတယ်။ မင်းကတော့ အိမ်မှုကိစ္စသာလုပ်ပါလို့ ပြောလေ့ရှိပါတယ်။ ဒါပေမယ့် အခုမှာတော့ ကျွန်မယောကျာ်းက စီးပွားရေးမှာ ဖြစ်ဖြစ် ဒါမှမဟုတ် အိမ်မှာဖြစ်ဖြစ် လိုအပ်တာအားလုံးကို ကျွန်မကို ကူလုပ်ပေးနေပါတယ်။ အခုဆိုရင် အိမ်မှာ မီးပူတိုက်တာ၊ ထမင်းဟင်းချက်တာ၊ အဝတ်လျှော်တာတွေပါ လုပ်ပေးနေပါတယ်" ဟု မဆွေဇင်မြင့်က ပြောပြပါတယ်။

**ဆင်းရဲနွမ်းပါးတဲ့နေရာတခုမှာ နေထိုင်နေပါတယ်။**

မဆွေဇင်မြင့်ဟာ ၂၈ နှစ်ရှိပါပြီ။ သူမဟာ ငယ်စဉ်ကတည်းက စက်ချုပ်တတ်ချင်ခဲ့ပါတယ်။ အခုတော့ သူမ လက်ထပ်ပြီး သွားလို့ ကလေး ၃ ယောက် ရနေပါပြီ။ သူမ လက်ထပ်တဲ့အချိန်မှာ သူမအမေက စက်ချုပ်စက်တလုံးဝယ်ပေးခဲ့ပါတယ်။ ဒါပေမယ့် မဆွေဇင်မြင့်ဟာ စက်ချုပ်သင်တန်း မတက်ဖူးတဲ့အတွက် ရိုးရှင်းတဲ့အဝတ်တွေဖြစ်တဲ့ လုံချည်၊ နဲ့ ဘောင်းဘီပွပွတွေကိုပဲ မိသားစုအတွက် ချုပ်ပေးနိုင်ခဲ့ပါတယ်။ မဆွေဇင်မြင့်ဟာ အိမ်ခြေ ၆၀ ခန့်ရှိတဲ့ ရွာလေးတရွာမှာ နေထိုင်နေပါတယ်။ မိသားစုဝမ်းရေးအတွက်ကတော့ စပါးခင်းကရတဲ့ဟာလေး တွေရယ်၊ ယောကျာ်း ဆိုင်ကယ်တက္ကဆီ မောင်းလို့ရတာလေး တွေရယ်နဲ့ ဖြေရှင်းနေပါတယ်။

## ပိုက်ဆံတွေကို အတူတူစုပါတယ်။

လွန်ခဲ့တဲ့ ၅ နှစ်လောက်က မဆွေဇင်မြင့်ဟာ Diakonia ရဲ့ မိတ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ WCM (World Concern Myanmar) လို့ခေါ်တဲ့ ကိုယ့်အားကိုယ်ကိုးအဖွဲ့တဖွဲ့ထဲ ဝင်ခွင့်ရခဲ့ပါတယ်။ အဖွဲ့ထဲမှာရှိတဲ့ မိခင်တွေဟာ ပိုက်ဆံတူတူ စုပေါင်းစုတဲ့ အကြံလေး ရခဲ့ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ တပတ်ကို အနည်းဆုံး ပိုက်ဆံ ၅၀၀ (၀.၃၅ ဒေါ်လာလောက်) စုဖို့ပါပဲ။ ရလာတဲ့ အဖွဲ့ရန်ပုံငွေကိုတော့ အသင်းဝင်တွေ ရဲ့လိုအပ်ချက်ဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး ဒါမှမဟုတ် အရေးပေါ်ကိစ္စရပ်တွေကို ဖြေရှင်းတဲ့နေရာမှာ သုံးဖို့ပါပဲ။ ငွေတိုးချေးချင်တယ်ဆိုရင်တော့ အတိုးနှုန်းက ၁ ကျပ်တိုးပါ။ တခြားနေရာတွေမှာဆိုရင်တော့ ၅ ကျပ်တိုးထိ ယူကြတာလဲတွေ့ရပါတယ်။ ဒါ့အပြင် WCM က တခြား သင်တန်းတွေလဲ ပေးပါတယ်။ ဥပမာ Business plan (စီးပွားရေးအစီစဉ်) တစ်ခုကို ဘယ်လိုရေးဆွဲရမလဲတို့၊ စာရင်းကိုင်တို့ တခြား အသက်မွေးဝမ်းကြောင်းပညာတွေကို သင်ပေးပါတယ်။ မဆွေဇင်မြင့်ကတော့ သူမနဲ့အနီးဆုံးမြို့ဖြစ်တဲ့ ပုတာအိုမှာ တလတာ စက်ချုပ်သင်တန်း တက်ရောက်ခွင့် ရခဲ့ပါတယ်။ စက်ချုပ်စက်ဝယ်ဖို့ ထောက်ပံ့ကြေးငွေကိုလည်း WCM အဖွဲ့ကနေ ရခဲ့ပါတယ်။ စက်ချုပ်ပြီး ၄ လ အကြာမှာ ဒေါ်လာ ၄၀၀ ရှာနိုင်ခဲ့ပါတယ်။

## ယောက်ျားအပေါ် လုံးဝ မှီခိုစရာ မလိုတော့ပါဘူး။

ကျွန်မမှာ ကိုယ်ပိုင်ဝင်ငွေ ရှိလာတဲ့အတွက် ယောက်ျားအပေါ်မှာ မှီခိုဖို့မလိုတော့ပါဘူး။ ပြီးတော့ လစဉ် စုဖို့ ပိုက်ဆံအတွက်လဲ ပူစရာ မလိုတော့ပါဘူး။ အရင်ကတော့ တပတ် ၅၀၀ စုနိုင်ဖို့အရေး ကျွန်မ အတော်ရုန်းကန်ခဲ့ရပါတယ်။ အခုတော့ တပတ်တပတ်ကို ၁၀၀၀ ကျပ် ဒါမှမဟုတ် ၂၀၀၀ ကျပ်ထိ ဖွဲ့စုနိုင်ပါပြီ။ ကိုယ့်အားကိုယ့်ကိုးအဖွဲ့ဝေနဲ့ပေါင်းပြီး WCM အဖွဲ့ဟာ ကျားမရေးရာအသိပညာရေးလုပ်ငန်းတွေလဲ လုပ်ဆောင်နေပါတယ်။ အဲ့လိုအစည်းအဝေးတွေကို အမျိုးသမီးရော၊ အမျိုးသားပါ တက်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ အဲ့အစည်းအဝေးတွေ တက်ပြီးတဲ့အခါမှာ မဆွေဇင်မြင့် အမျိုးသားရဲ့အပြုအမူတွေဟာ စတင်ပြောင်းလဲသွားခဲ့ပါတယ်။

## အမျိုးသားက ပြောင်းလဲသွားခဲ့ပါတယ်။

"ကျွန်မ အရင်ကတော့ စိုးရိမ်ထိပ်လန့်မှုတွေနဲ့ နေထိုင်ခဲ့ရပါတယ်။ ကျွန်မယောက်ျားက ဆေးလိပ်ရော၊ အရက်ရော အမြဲသောက်လေ့ရှိပြီး အမြဲလဲစိတ်တိုတတ်ပါတယ်။" သူအရက်သောက်ပြီးလဲ ခရီးသည်တွေတင်ပြီး ဆိုင်ကယ်အငှားမောင်းပါတယ်။ အခုတော့ သူအဲ့လိုလုပ်တာ တွေအားလုံး ရပ်သွားပါပြီ။" ကျွန်မယောက်ျားက အခုဆိုရင် ဆေးလိပ်သောက်တာနဲ့ အရက်သောက်တာဟာ ပိုက်ဆံဖြုန်းခြင်းတမျိုးပဲဆိုတာကို သိသွားပါပြီလို့ မဆွေဇင်မြင့်က ဆိုပါတယ်။ အရက်သောက်ပြီး မိသားစုကို အနှောက်အယှက်ပေးမယ့်အစား အခုဆိုရင် သူ အလုပ် ကြိုးစားလုပ်နေပါတယ်။ "အခုဆိုရင် ကျွန်မတို့ဟာ ပျော်စရာကောင်းတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်နေပါပြီ။ ကျွန်မမှာ ဝင်ငွေရှိပြီဆိုတော့ ကျွန်မယောက်ျားက မိုးတွင်းဆိုဆိုင်ကယ်အငှားလိုက်စရာ မလိုတော့ပါဘူး။ မိုးတွင်းဆိုတော့ လမ်းတွေကချော်လို့ သူတခုခုဖြစ်သွားမှာ စိုးရိမ်နေခဲ့တာ။ အခုတော့ ကျွန်မမိသားစု စားဝတ်နေရေးကိုထောက်ပံ့ပေးနိုင်ပြီဆိုတော့ ဂုဏ်ယူတယ်။" ဟူ၍ မဆွေဇင်မြင့်က ပြောပြခဲ့ပါတယ်။